
# a guide to patterns and usage in english

by A.S Hornby

# အင်္ဂလိပ်စာရေးနည်းကျမ်း

ဦးချိန်မြင့်



mgyoe.com

ဦးချိန်မြင့်

# အင်္ဂလိပ်စာရေးနည်းကျမ်း

# a guide to patterns and usage in english

by A.S Hornby

mgyoe.com

mgyoe.com

အင်္ဂလိပ်စာရေးနည်းကျမ်း

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၇၅၈၀၇၁၀ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၁၁၀၅၁၀၁၀ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို ကျ . ဒ . ဝ ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄လမ်း၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကင်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် တန်ဖိုး ၂၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုမြင့်၊ ညီဝင်းမြင့်

၄၂၀

ချိန်မြင့်၊ ဦး

အင်္ဂလိပ်စာရေးနည်းကျမ်း / ဦးချိန်မြင့် ။ - ရန်ကုန်။

စိတ်ကူးချိုချိုစာပေ၊ ၂၀၁၀။

စာမျက်နှာ ၂၃၅ မျက်နှာ၊ ၁၃ · ၂ စင်တီ× ၂၀ · ၅ စင်တီ

(၁) အင်္ဂလိပ်စာရေးနည်းကျမ်း

mgyoe.com

mgyoe.com

# CONTENTS

**Chapter**

1. ARTICLE
   အာတီကယ်
2. VERB ´
   ကြိယာ
3. Subject Predicate And Object
4. Agreement
   တူညီခြင်း
5. The Conjugation of Verb
   ကြိယာများ၏ ပြောင်းလွဲခြင်း
   (A) The strong Conjugation
   Strong Verb ပြောင်းလွဲခြင်း
   (B) Mixed verbs
   ရောနှောကြိယာများ
   (C) The weak conjugation
   အကွရာပြောင်းလဲဖြည့်စပ်ခြင်း
6. Conjugation of Auxiliary
   ကူညီသောကြိယာ၊ မပြည့်စုံသောကြိယာများ ပြောင်းလွဲခြင်း
   (1) Be
   (2) Have
   (3) Shall
   (4) Will
   (5) Do
7. Verb is used in three different sense.
   ကြိယာများကို အဓိပ္ပာယ် (၃)မျိုး ခွဲသုံးသည်။

mgyoe.com

mgyoe.com

(6) May
(7) Can
(8) Ought
(9) Must
(10) Dare

8. Syntax
ဝါကျဖွဲ့နည်း
Parsing Chart
Nouns
နာမ်များ
Pronouns
နာမ်စားများ
The Cases of Nouns or Pronouns
နာမ်များ (သို့) နာမ်စားများဖြစ်ပျက်မှု
Adjective
နာမဝိသေသနများ
Adverbs
ကြိယာဝိသေသနများ
Finite Verbs
ကန့်သတ်ထားသောကြိယာများ
In Finite
ပြုလုပ်(ကိတ)
Participle or Adjective
ကြိယာနာမဝိသေသန (သို့မဟုတ်)
ကြိယာသဘောပါသော နာမဝိသေသန
Gerund
ကြိယာနာမ်(ကိတ်နာမ်)

9. The Sequence of Tenses Verb Patterns

10. ဝါကျပုံစံများ (၁)
Verb Patterns

11. ဝါကျပုံစံများ (၂)
Verb Patterns

12. ဝါကျပုံစံများ (၃)
Verb Patterns

mgyoe.com

mgyoe.com

# Chapter (1)
# အခန်း (၁)
# ARTICLE
# အာတီကယ်

A, An, The တို့ကို Article လို့ခေါ်သည်။

Plural အများကို မဆိုမပြောရင်ဖြစ်စေ၊ တစ်ခု၊ တစ်ယောက်၊ တစ်ဦးလို့ အဓိပ္ပာယ် သေသေချာချာမဖော်၊ မခေါ်ပြရင်ဖြစ်စေ၊ Common Noun အနည်းရှေ့က A, An, The တစ်ခုခုကို အသုံးပြုသင့်သည်။ (အများရှေ့က Article ကို မသုံးရပါ။)

| | | |
|---|---|---|
| An owl | The boy | A girl |
| An eagle | The dog | A cat |
| An orange | The tree | A fruit |

သို့သော် အတိအကျသေချာစွာသိရှိပြီးကို ဖော်ပြလိုရင် The article အာတီကယ်ကို သုံးရပါတယ်။

**The owl. The dog. The cat. The boy.**

Common Noun ရှေ့က A နှင့် An ကို တစ်ခုလို့ အဓိပ္ပာယ်ရှိသောအခါ သုံးရသည်။ သို့သော် An ကို အ-သံထွက်သော (or) vowel နှင့် စသည့်စကားများ ရှေ့က သုံးသည်။

Example:

| | |
|---|---|
| A lamp. | **An** owl. |
| A mango. | **An** eagle. |
| A boy. | **An** orange. |

Abstract Noun, Material Noun နှင့် Pronoun တို့ရှေ့မှာ အများအားဖြင့် A, An, The တို့ကို မသုံးရ။

mgyoe.com

mgyoe.com

**Example:**

**Mercy is a virtue.**
**Kindness wins us friends.**
**Iron is used in building houses etc.**
**All men drink water.**
**Henery is a good student.**

မြစ်များ၊ တောင်တန်းများ၊ ပင်လယ်များ၊ သမုဒ္ဒရာများ၊ ပင်လယ်ကွေ့များနှင့် ကျွန်းဆွယ်များရှေ့၏ အမည်များရှေ့က **The** ကို သုံးသည်။

**Example:**

**The** Ganges is a great river.
**The** Hinlayas lie to the north of India.
**The** Red Sea is between Arabia and Africa.
**The** Atlatic Ocean lies to the west of Europe.

ကျွန်ုပ်တို့ သိပြီး (or) တစ်ကြိမ်မက အထက်က ဖော်ပြခဲ့ပြီးသောအရာများနှင့် တစ်ခုတည်းရှိသော အရာဝတ္ထုတို့ရှေ့၌ **The** ကို သုံးရသည်။

**Example:**

**The teacher** gives him a prize. (သိပြီးသောဆရာကို ဆိုလိုသည်။)
**The girl** is skipping. (သိပြီးသော မိန်းကလေးဖြစ်သည်။)
**The** moon is in the sky. (တစ်ခုသာရှိသော အရာဝတ္ထုဖြစ်သည်။)

**Proper** Noun, **Material** Noun နှင့် **Abstract** Noun များကို **Common** Noun များကဲ့သို့ အသုံးပြုသောအခါ Article ကို ထည့်သုံးသေးသည်။

He is a Aung San. (အောင်ဆန်း လူတစ်ဦးလို့ ဆိုလိုသည်။)
Sugar Cane is one of the grasses. (မြက်များကို ဆိုလိုသည်။)
He is a justice of the peace.

တစ်ခုခု၏အမျိုးတစ်မျိုးလုံးကို ဖော်ပြလိုသည့်အခါ Article ကို သုံးသည်။

**Example**

**The** horse is a noble animal.
**A** horse is a noble animal.
Horses are noble animals.
(၄င်း sentences များသည် အဓိပ္ပာယ်တူညီကြသည်။)

mgyoe.com

mgyoe.com

# Chapter (2)
# အခန်း (၂)
# VERB
# ကြိယာ

**VERB** ပြုလုပ်ခြင်း၊ ဖြစ်ပျက်ခြင်း၊ တည်ရှိခြင်း၊ ရွေ့လျားခြင်း၊ ပိုင်ဆိုင်ခြင်းတို့ အကြောင်းကို ဖော်ပြသည့်စကားကို Verb ကြိယာလို့ခေါ်သည်။

He **kicks** the cat. သူသည် ကြောင်ကိုကန်သည်။ (ပြုလုပ်)

The boy **writes**. လူကလေး စာရေးသည်။ (ပြုလုပ်)

It **rains**. မိုးရွာသည်။ (ဖြစ်ပျက်ခြင်း)

Fire **burns**. မီးလောင်သည်။ (ဖြစ်ပျက်ခြင်း)

They **are** there. သူတို့ ဟိုမှာရှိသည်။ (တည်ရှိခြင်း)

The book **is** on it. စာအုပ် ဟိုအပေါ်မှာရှိသည်။ (တည်ရှိခြင်း)

She **has** a pen. သူမမှာ ဖောင်တိန်တစ်ချောင်းရှိသည်။ (ပိုင်ဆိုင်)

I **have** two cats. ကျွန်တော့်မှာ ကြောင်နှစ်ကောင်ရှိသည်။ (ပိုင်ဆိုင်)

**Verbs** ကြိယာများသည် English စာ၌ အရေးကြီးသည်။ ထို verb ကြိယာများမပါဝင်ဘဲ sentence ဝါကျတစ်ခု မဖြစ်နိုင်။ မြန်မာဘာသာတွင် 'သည်'နှင့် ဆုံးသည်။ **Adjective** နာမဝိသေသနသည် 'သော'နှင့်ဆုံးသည်။ မြန်မာဘာသာပြန်ဆိုရာမှာ 'သည်'နှင့် 'သော'ကို ကွဲပြားခြားနား ဂရုစိုက်၍ ဘာသာပြန်တတ်ရန် အလေးထား၍ လေ့ကျင့်ထားရပေမည်။

**Verb** ကြိယာသည် Verbum လက်တင်စကားမှ ဆင်းသက်လာသည်။ ဝါကျတစ်ခုတွင် အရေးပါအရာမြောက်ခြင်းကြောင့် ကြိယာလို့ခေါ်သည်။

mgyoe.com

mgyoe.com

## Kind of Verbs
## ကြိယာအမျိုးအစားများ

1. Principal Verb ပဓာန(အဓိက)ကြိယာ
2. Auxiliary Verb အကူအညီကြိယာ
3. Transitive Verb (ကံရှိကြိယာ)
4. Intransitive(ကံမဲ့ကြိယာ)

**PRINCIPAL Verb ပဓာနကြိယာ(အဓိကကြိယာ)**

မိမိရဲ့ သဘောသဘာဝ အဓိပ္ပာယ်ကို ပြည့်စုံစေရန် အကူအညီမလိုဘဲ တည်ရှိသော verb ကြိယာကို Principal verb ပဓာနကြိယာလို့ ခေါ်သည်။

Mg Aung works hard. မောင်အောင် ကြိုးစား၍ အလုပ်လုပ်သည်။
I want a book. ကျွန်တော် စာအုပ်တစ်အုပ် လိုချင်သည်။
Children like games. ကလေးများသည် ကစားခြင်းကို နှစ်သက်သည်။
Pupils write. တပည့်တို့ ကိုယ်တိုင်ရေးကြ။
Birds fly in the air. ငှက်များ ပျံကြသည်။

**Auxiliary Verb အကူအညီကြိယာ**

သဘောသဘာဝအဓိပ္ပာယ်မပြည့်စုံမှုကို ပြည့်စုံစေရန် အခြားတစ်ပါးသော verb ကြိယာ (သို့မဟုတ်) verbs ကြိယာများအား အကူအညီပေးသော verb ကြိယာတစ်ခုကို Auxiliary verb ကူညီကြိယာလို့ ခေါ်သည်။

He will be there. သူ ဟိုမှာရှိလိမ့်မည်။
She can skip. သူမသည် ကြိုးခုန်နိုင်သည်။
I shall do. ကျွန်တော် လုပ်မည်။
They have gone. သူတို့ သွားကြပြီ။
You must have been sleeping. သင် အိပ်နေနှင့်ရမည်။

**Will, Can, Shall, Have, Must, Have Been,** စသည်တို့သည် **Principal verb** အဓိကကြိယာ(ပဓာနကြိယာ)၏ သဘောသဘာဝအနက်အဓိပ္ပာယ်တို့ကို ပြီးပြည့်စုံစေရန် ကူညီကြသော **Auxiliary Verbs** များ ဖြစ်ကြသည်။

**Note:— (1) Verb to be, (2) Verb to have, (3) Verb to do, (4) Shall, (5) Will, (6) May** စသည်တို့သည် အသုံးချကြိယာများလည်း ဖြစ်နိုင်ကြသည်။ အဓိကအကူအညီကြိယာများလည်း ဖြစ်နိုင်သည်။

mgyoe.com

mgyoe.com

# Chapter (3)
## အခန်း (၃)
## Subject, Predicate And Object

**Subject:** ပြုလုပ်၊ ဖြစ်ပျက်၊ တည်ရှိ၊ ပိုင်ဆိုင်သောသူ၊ သူများနှင့် အရာဝတ္ထု(များ) ကို Subject ကတ္တားလို့ခေါ်သည်။

John hits the ball. ဂျွန်သည် ဘောလုံးကိုရိုက်သည်။ (ကတ္တား)
Subject.

It rains hard. မိုးသည်းထန်စွာ ရွာသည်။ (ကတ္တား)
Sub

She is in the room. သူမသည် အခန်းထဲမှာရှိသည်။ (ကတ္တား)
Sub

**Hit, Rains, Is** တို့သည် **Verb or Predicate** တို့ကို ပြုလုပ်ကြသော **Subject** (ကတ္တား)လို့ခေါ်သည်။

**Predicate:** ပြုလုပ်၊ ဖြစ်ပျက်၊ တည်ရှိ၊ ပိုင်ဆိုင်ကြောင်း ပြသကြသောစကား (သို့) စကားများကို **Verb, or predicate** (ဝါစက)လို့ ခေါ်သည်။

John hits the ball. ဂျွန်သည် ဘောလုံးကိုရိုက်သည်။ (verb)
verb

It rains hard. မိုးသည်းထန်စွာရွာသည်။ (verb)
verb

She is in the room. သူမသည် အခန်းထဲမှာရှိသည်။ (verb)
verb

အထက်ပါဝါကျများတွင် ရှိကြသော Noun နှင့် Pronoun တို့၏ ပြုလုပ်၊ ဖြစ်ပျက်၊ တည်ရှိ၊ ပိုင်ဆိုင်ကြသည်ကို ပြသကြသော **hits, rains, is** အစရှိသော verbs ကြိယာတို့ကို Predicate (ဝါစက)လို့ ခေါ်သည်။

mgyoe.com

mgyoe.com

**Object: Hits, rains, is** အစရှိသော **Predicate** တို့၏ ပြုလုပ်၊ ဖြစ်ပျက်ခြင်းစသည်တို့ကို ခံရသည့်အရာ (သို့မဟုတ်) သူ၊ သူများကို **Object** (ပြုလုပ်ခံ=ကံ)လို့လည်း ခေါ်သည်။

John hits the <u>ball</u>.
ကံ

He cleans the <u>table</u>.
ကံ

They drink <u>tea</u>.
ကံ

အထက်ဖော်ပြပါ ဝါကျများတွင် **Ball, Table, Tea** အစရှိသည့် **Noun** နှင့် **Pronoun** တို့သည် **hits, cleans, dirnk** အစရှိသော Verb or Predicates ကြိယာနှင့် သို့မဟုတ် ဝါစကတို့ရဲ့ ပြုလုပ်ခြင်းကို ခံကြရသောကြောင့် **Object** ပြုလုပ်ခံ(ကံ)လို့ ခေါ်သည်။

**Sujbect** ကတ္တားသည် **Noun, Pronoun** နာမ်၊ နာမ်စားတို့နှင့် ညီမျှပြီး ၄င်းတို့၏အလုပ်ကို လုပ်သည့် **Phrase** စကားပိုဒ်နှင့် **Clause** =ဝါကျကဏ္ဍတို့ တစ်ခုခုပြုရပေမည်။

**Predicate** သည် ပြုလုပ်ခံ(ကံ)သည် **Verb or Predicate** တို့ရဲ့ ပြုလုပ်ခြင်းကိုခံရသော **Noun, Pronoun** သို့မဟုတ် ၄င်းတို့နှင့်ညီမျှပြီး ၄င်းနာမ်၊ နာမ်စား တို့ရဲ့ အလုပ်ကိုလုပ်သော **Phrase** စကားပိုဒ်(ပဒစယ)၊ **Clause =** (ဝါကျကဏ္ဍ) တို့ တစ်ခုခုဖြစ်ရပေမည်။

**Object** ပြုလုပ်ခံ(ကံ)သည် **Verb or Predicate** တို့ရဲ့ ပြုလုပ်ခြင်းကို ခံရသော **Noun, Pronoun** သို့မဟုတ် ၄င်းတို့နှင့်ညီမျှပြီး ၄င်းနာမ်၊ နာမ်စားတို့ ရဲ့အလုပ်ကို လုပ်သော **Phrase** စကားပိုဒ်(ပဒစယ)၊ **Clause=** (ဝါကျကဏ္ဍ)တို့ တစ်ခုခု ဖြစ်ရပေမည်။

**Transitive Verb =** (ကံရှိကြိယာ)ဆိုသည်မှာ **Verb** ၏ ပြုလုပ်၊ ဖြစ်ပျက်၊ တည်ရှိ၊ ပိုင်ဆိုင်ခြင်းတို့သည် **Verb or Predicate** တွင် မရပ်နား၊ မရပ်တန့်ဘဲ **Object=** ခံရသောသူ၊ ခံရသောအရာဝတ္ထု(ကံ)သို့ သက်ရောက်သော

mgyoe.com

သဘော သဘာဝရှိသည့် Verb ကို Transitive Verb လို့ခေါ်သည်။ (ကံလိုကြိယာ) Object ကံလိုကြိယာ Verb လို့ခေါ်သည်။
**Example:**

I like roses.
He sees the bird.
They plough this field.
You lost his pen.

**Note:** အထက်ပါဥပမာများကို လေ့လာကြည့်ရှုပါက Like, See, Plough, Lost အစရှိသော Verbs များသည် Object= ပြုလုပ်ခံ(ကံ) မပါရှိရင် အနက်အဓိပ္ပာယ် မပြည့်စုံသည်ကို တွေ့ကြရသည်။ ၄င်း Object= ပြုလုပ်ခံ(ကံ)တို့သည်-

1. **Direct Object** ပကတိကံ(တိုက်ရိုက်)
2. **Indirect Object** သွယ်ဝိုက်ခံ(ကံ)
3. **Retained Object** ချန်ထားခဲ့သောကံ
4. **Cognate Object** မျိုးတူချင်း (သို့မဟုတ်) မူလချင်းတူသောကံ
5. **Preposition** ၏ **Object** ဝိဘတ်၏ကံတို့ ဖြစ်သည်။

(1) **Direct Object** တိုက်ရိုက်ပြုလုပ်ခံ(ကံ)ဆိုသည်မှာ တစ်ချိန်တည်း တစ်ပြိုင်တည်း Object (၂)ခုရှိရာမှာ အသက်မရှိသော အရာဝတ္ထုပစ္စည်းများကို **Direct Object** တိုက်ရိုက်ပြုလုပ်ခံ(ကံ)လို့ ခေါ်သည်။

I gave him a pen.
His brother told me a secret.
They teach him **English**.

2. **Indirect Object** သွယ်ဝိုက်သောကံသည် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း Object (၂)ခုရှိရာတွင် အသက်ရှိသည့် လူနှင့် သတ္တဝါများကို **Indirect Object** သွယ်ဝိုက်ပြုလုပ်ခံ(ကံ)လို့ ခေါ်သည်။ တစ်နည်းအားဖြင့် **"Dative Case"** လို့လည်း ခေါ်ကြသည်။

I gave **him** a pen.
His brother told **me** a secret.
They teach **him**.

အများအားဖြင့် Indirect Object ကို ရှေ့ကထားကြသည်။ သို့သော်

mgyee.com

mgyoe.com


Direct Object ကို ရှေ့ကထားလိုရင် အဓိပ္ပာယ်ကိုလိုက်ပြီး **To** နှင့် **For** တို့ကို Indirect Object ရှေ့က ထားပေးရသည်။
Example:

| **Direct Object** | **Indirect Object** |
|---|---|
| I give him a **pen.** | I gave a pen **to him.** |
| Bring him that **book.** | Bring that book **to him.** |
| We promise her our help. | We promise help **for him.** |

**3. Ratained Object.** တစ်ချိန်တည်း **Object** (၂)ခုရှိကြရာမှာ **Passive Voice** သို့ပြောင်းလိုက်သောအခါ ၄င်း **Object** (၂)ခုတို့မှာ ချန်ထားခဲ့သော **Object** တစ်ခုကို **Retained Object** (ချန်ထားခဲ့သောကံ)လို့ ခေါ်သည်။

A pen was given **me.** (Retained Object)
I was given a **pen.** (Retained Object)
He is taught **English.** (Retained Object)
English is taught to **him.** (Retained Object)

**4. Cognate Object.** မျိုးတူ(မူလ)ကံလို့ ခေါ်သည်။

**Verb or Predicate** နှင့် ကြိယာ (သို့) ဝါစကတူသော **Object** မျိုးများကို **Cognate Object** လို့ ခေါ်သည်။

She **dreams** a happy **dream.** (ပုံစံနှင့်သဘော)
They will **run** a **race.** (သဘောသာ)
He tries his best. (Adject နာမဝိသေသနနောက်၌ မြုပ်ထားသည်။)
They shouted applause. (မျိုးတူ Noun နာမ်ကို မြုပ်ထားသည်။)

**5. Preposition ၏ Object** ဆိုသည်မှာ **In, On, Near, Behind, Under** အစရှိသော ဝိဘတ်ရဲ့နောက်မှာလာသော **Noun** နှင့် **Pronoun** တို့ကို **Preposition ၏ Object** ဝိဘတ်လို့ ခေါ်သည်။

He is **in** the **room.**
Mg Mg is **before me.**
The black board is **before us.**
His pencil is **under me.**
The books are **on** the **desk.**
His brother is **near her.**

mgyoe.com

mgyee.com

**6. Intransitive Verb** ကံမလိုသောကြိယာဆိုသည်မှာ Object(ကံ)မလိုသောကြိယာကို ခေါ်သည်။

He **succeeds** in all his works. အောင်မြင်သည်။

They **run** a long distance. ပြေးကြသည်။

There **is** a flaw in her diamond. ရှိသည်။

Children **sleep**. အိပ်သည်။

Example:

I **am** happy. ကျွန်တော် ပျော်သည်။

I **was** late. ကျွန်တော် နောက်ကျခဲ့သည်။

I **have** a brother. ကျွန်တော့်မှာ ညီအစ်ကိုတော်တစ်ယောက် ရှိသည်။

I sing a song. ကျွန်တော် သီချင်းတစ်ပုဒ်ကို ဆိုသည်။

အထက်ပါ Sentence (၃) ခုတွင် I သည် first person, singular ဖြစ်သဖြင့် I နှင့်ကိုက်ညီသော am, was, have တို့ကို သုံးရသည်။ နောက်ဆုံးဝါကျတွင် I သည် first person ဖြစ်သဖြင့် verb ဖြစ်သော sing တွင် "s" မထည့်ရပေ။

Subject သည် Third person, singular ဖြစ်ရင် verb သည်လည်း ဤအတိုင်းပင်ဖြစ်ရမည်။

Example:

He is happy.
He was late.
He has a brother.
He sings a song.

Subject သည် Third Person, Plural (အများ)ဖြစ်ရင် Verb သည်လည်း ဤအတိုင်းပင်ဖြစ်သည်။

Example.

They are Happy.
They were late.
They **have** a brother.
They sing a song.

အထက်ပါဝါကျများတွင် Subject "They" သည် Third person, plural ဖြစ်သဖြင့် ၄င်း They နှင့်ကိုက်ညီသော are, were, have နှင့် sing တို့ကို သုံးရသည်။

Nouns နာမ်များသည် အများအားဖြင့် လူပုဂ္ဂိုလ်နှင့် အရာဝတ္ထုများ၏

mgyee.com

mgyoe.com

အမည်များဖြစ်သည်။ ထိုနာမ်များသည် Singular(အနည်း)ဖြစ်စေ၊ Plural(အများ) ဖြစ်စေ၊ Third person တတိယလူပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ထို့ကြောင့် **verb တစ်ခု၏ Subject သည် အထက်ဖော်ပြပါ အမည်တစ်ခုခုဖြစ်ရင် ၄င်း verb သည် အမြဲပင် Third Person** ဖြစ်သည်။

Example:

Mg Ba **eats.**

A dog bites her.

The farmer **has** a hut.

Ma Ma **does** not go to school.

အထက်ပါဝါကျများတွင် **Mg Ba, A dog, The farmer,** နှင့် **Ma Ma** တို့သည် လူပုဂ္ဂိုလ်နှင့် အရာဝတ္ထုတို့၏ အမည်များဖြစ်ကြသည်။ ထို့ကြောင့် Nouns နာမ်များ ဖြစ်ကြသည်။ ၄င်းတို့သည် Third person များဖြစ်ကြသည်။ သို့ရာတွင် ၄င်းတို့သည် Singular (အနည်းကိန်း)များသာဖြစ်သဖြင့် eats နှင့် bites တို့တွင် "s" ထည့်ပြီး has နှင့် does တို့ကို သုံးရသည်။

၄င်း Nouns နာမ်များကို Plural (အများကိန်း)ပြုလုပ်ရင် အောက်ပါ အတိုင်း ဝါကျများ ပြောင်းလဲလာမည်။

Example:

Mg Mg and Mg Ba **eat.**

Dogs **bite** her.

The farmers **have** a hut.

Ma Ma and Ma Hla **do** not go to school.

အထက်ပါ ဝါကျများ၏ Verbs ကြိယာများသည် Plural (အများ)ဖြစ်လာ ကြသဖြင့် Verbs ကြိယာများဖြစ်သော **Bite, eat, have, do** တို့၌ **"s"** မထည့်ရ တော့။ Plural verbs များ ဖြစ်လာကြသည်။

mgyoe.com

mgyoe.com

# Chapter (4)
# အခန်း (၄)
# Agreement
# တူညီခြင်း

Subject သည် Singular number(အနည်း)ဖြစ်ရင် Predicate (or) Verb ကြိယာသည် Singular number(အနည်း)ဖြစ်ရမည်။ Subject ကဗ္ဗာနဲ့ Verb ကြိယာ Predicate အများဖြစ်ရင် Subject နဲ့ Verb ကြိယာသည် (အနည်း) ဖြစ်ရမည်။ အနည်း၊ အများ တူညီရမည်။

He comes from school.

She takes her satchel. (သားရေလွယ်အိတ်)

A boy brings his book.

My mother *chides him.* (ဝေဖန်၊ အပြစ်တင်သည်)

မှတ်ချက် ။ I, you တို့သည် Singular number (အနည်း)ဖြစ်ကြသော်လည်း I နဲ့ you နဲ့သုံးရင် verb to do, verb to have, finite verb တို့မှာ အမြဲတမ်း Plural number (အများ)ကို တွဲဖက်ပြီးသုံးကြရသည်။

(A) You do not write.
I do not write.
Do I say so?
Do you say so?
Do not come in.

} Verb to Do.
Do (အများ)နှင့် တွဲပြီး သုံးထားသည်။

mgyoe.com

mgyoe.com

(B) I have an eraser.
You have a dog.
I have not a rupee.
Have you a book?

} Verb to Have
Have (အများ)နှင့် တွဲပြီး
သုံးထားသည်။

(C) I go to picture.
You go to picture too.
I eat my cake.
You eat yours as well.
I drink milk.

} Finite Verb
I, you ကို (အများ)နှင့်
တွဲပြီး သုံးထားသည်။

**Subject** သည် Plural number (အများ)ဖြစ်ရင် Predicate (or) Verb သည် Plural number (အများ)ဖြစ်ရသည်။

Example: They **come** from school.
These girls **take** their satchels to school.
The boys **bring** their book shelves.
My brothers **chide** him.
His teachers **teach** me.

**Note:** Verb to be မှာ Past Tense (အတိတ်ကာလ)တွင် (အနည်း-အများ)တသီး တခြားရှိသော်လည်း **Verb to Have, Verb to Do, Finite Verb** တို့မှာ Past Tense (အတိတ်ကာလ) နှင့် Future Tense အနာဂတ်(လာမည့်အချိန်)တို့အတွက် (အနည်း၊ အများ) အထူးအခြား မရှိတော့ချေ။

(၂)ခု သို့မဟုတ် (၂)ခုထက်ပိုသော Singular number(အနည်း)ဖြစ်သော Subject များကို And နှင့် ဆက်စပ်ထားသောအခါ Predicate (or) Verb သည် Plural number (အများ)ဖြစ်ရမည်။

Example: Ma Ma **and** Mg Mg **learn** in this room.
U Ba **and** U Man **were** our premier.
Water **and** do not agree.
She **and** her friend **have** gone.
**Are** your brothers and sister at home?

mgyoe.com

## Agreement of The Verb: Per and Number
## ကြိယာရဲ့ကိုက်ညီမှု၊ လူပုဂ္ဂိုလ်နှင့် အရေအတွက်

Verb ကြိယာတွင် Singular နှင့် Plural (၂)မျိုးရှိသည်။ ဝါကျတစ်ခုမှာ Verb ကြိယာအနေဖြင့် (Singular အနည်း)ဖြစ်ရမည်။ (သို့) အများဖြစ်ရမည်။ Subject ကြိယာအရေအတွက်နှင့် ၄င်းရဲ့ လူပုဂ္ဂိုလ်တို့အပေါ်တွင် မူတည်နေသည်။

Adverb must agree with its Subject in Number and Person.

Subject ကတွားသည် First Person, Singular ဖြစ်ရင် Verb ကြိယာသည်လည်း ဒီအတိုင်းဖြစ်ရမည်။

mgyoe.com

mgyoe.com

# Chapter (5)
# အခန်း (၅)
# The Conjugation of Verb.
# ကြိယာ၏ ပြောင်းလွှဲခြင်း

**To conjugate a verb** is to show its chief parts.

ကြိယာကို ပြောင်းလွှဲခြင်းဆိုသည်မှာ ၄င်း၏အဓိကအင်္ဂါအစိတ်အပိုင်းများကို ဖော်ပြရန် ဖြစ်သည်။

**Note.**- The term "conjugation" is sometimes used in a wider sense to denote all the inflections and combinations that are employed to indicate **Voice, Mood, Tense, Number and Person.**

မှတ်ချက်။ ။ ကြိယာပြောင်းလွှဲခြင်း အချက်ကို Mood, Tense, Number နှင့် Person ကို ဖော်ပြရန်သုံးသော ပြောင်းလွှဲခြင်း (inflections) နှင့် ပေါင်းစုခြင်း (combinations) ကိုဖော်ပြရန် ကျယ်ပြန့်သောအဓိပ္ပာယ်နှင့် တစ်ခါတစ်ရံသုံးသည်။

The chief parts of a verb in English are the Present tense, the Past tense, and the Past Participle; all the other parts. Active and Passive, can be easily formed these three.

အင်္ဂလိပ်ဘာသာတွင် ကြိယာ၏အပိုင်းများသည် ပစ္စုပ္ပန်ကာလ၊ အတိတ်ကာလနှင့် အတိတ်ကြိယာနာမဝိသေသနတို့ ဖြစ်ကြသည်။ Active နှင့် Passive တို့မှာဖြစ်သည့် အားလုံးသောအခြားအပိုင်းများကို ဤအစိတ်အပိုင်း (၃)ခုမှ လွယ်ကူစွာပြုလုပ်ယူနိုင်သည်။

mgyoe.com

mgyoe.com

## There are two main kinds of Conjugation:-

## ကြိယာပြောင်းလွဲခြင်း အဓိက (၂)မျိုး

1. The **strong** (now much less numerous than it once was), which forms the past tense by changing the inside vowel of the present, and without adding the suffix-**d, or-t,** or**-ed,** for this purpose; as, **bear, bore.**

၁။ ပစ္စုပ္ပန်ကာလ၏ အတွင်းသရကို ပြောင်းလွဲ၍ နောက်ဆက် **-d** (သို့)-**t** (သို့) **-ed** တို့ကို ဤကိစ္စအတွက် ထပ်ပြီးမထည့်ရတော့၊ အတိတ်ကာလ ပြုလုပ်ရသော (ယခုအခါ အသုံးမများတော့) **(The strong)** သရပြောင်းလဲခြင်း။
ဥပမာ- **bear =** ဆောင်ယူသည်။ **bore=** ဆောင်ယူခဲ့သည်။

2. The **Weak** (now much more numerous than the **strong**), which forms the past tense and past participle by adding **-d.** or **-t,** or **-ed** to the present, with or without a change of the iniside vowsel; as, **love, loved, loved.**

၂။ ပစ္စုပ္ပန်ကာလ၏ အတွင်းသရကို ပြောင်းလွဲလို့ဖြစ်စေ၊ မပြောင်းလွဲဘဲ ဖြစ်စေ၊ ပစ္စုပ္ပန်ကာလသို့ -**d** (သို့) -**t** (သို့) **-ed** တို့ကို ထပ်၍ထည့်ခြင်းအားဖြင့် အတိတ်ကာလနှင့် အတိတ်ကြိယာဝိသေသနများ ပြုလုပ်နိုင်သော **(The strong)** (ကြိယာထက် ယခု သာ၍များနေသော) **(The weak)** ကြိယာပြောင်းလွဲခြင်း။
ဥပမာ- **love =** ချစ်သည်။ **loved=** ချစ်ခဲ့သည်။ **loved=** ချစ်ပြီး၊ ချစ်ပြီးသား။

The student will therefore observe that vowel-change in the Past tense is not decisive mark of the Strong conjugation, but the absence of a suffix to form the Past tense.

အတိတ်ကာလ သရပြောင်းခြင်းသည် (The Strong) ကြိယာပြောင်းလွဲခြင်းဟု ဆုံးဖြတ်ရန် အမှတ်လက္ခဏာမဟုတ်။ သို့သော် အတိတ်ကာလပြုလုပ်ရာ နောက်ဆက်တွဲပုဒ်မပါခြင်းသာ ဆုံးဖြတ်ချက်လက္ခဏာလို့ သိမြင်ကြလိမ့်မည်။

## 1. The Strong Conjugation

## strong verb ပြောင်းလွဲခြင်း

The Strong verbs are conjugated by internal change. The nature of which is to various to be reduced to a single rule.

The Strong verbs များကိုအတွင်းက ပြောင်းလွဲခြင်းအားဖြင့်လည်း ပြောင်းလွဲကြသည်။ ဤသို့ ပြောင်းလွဲခြင်းနည်းအမျိုးမျိုးမှာ နည်းတစ်ခုတည်း မရေးနိုင်အောင် များပြားလွန်းသည်။ ယေဘုယျနည်းလမ်းမှာ (၁) အတိတ်ကာလ

mgyoe.com

mgyoe.com

တွက် အတွင်းသရကို ပြောင်းခြင်း။ (၂) အတိတ်ကြိယာနာမဝိသေသနအတွက် en, n (သို့) ne ကို ပေါင်းထည့်ခြင်းနည်းများ ဖြစ်သည်။

Formerly all verbs of the Strong Conjugation formed the Past Participle by adding **en, n, ne**; but many of them have now laid aside this suffix.

ဟိုယခင်က The strong verbs ပြောင်းလွဲခြင်းအားလုံးတို့သည် **en, n, ne**; တို့ကို ပေါင်းထည့်ခြင်းအားဖြင့် အတိတ်ကြိယာနာမဝိသေသန ပြုလုပ်ရသည်။ သို့ရာတွင် ၎င်းတို့အထဲက ကြိယာများတို့သည် ဤနောက်ဆက်တွဲပုဒ်ကို ယခုအခါ ပယ်ဖျက်သည်။

Hence the Strong verbs, as they **now exist, fall into two main groups:-**

ထို့ကြောင့် ယခု ၎င်းတို့ရှိကြသည့်အတိုင်း (The strong verbs) များမှာ အုပ်စု (၂)ခု ကွဲကြသည်။

(1) Those which retained } the **en, n,** or **ne** in the
(2) Those which have lost } Past Participle.

(၁) အတိတ်ကြိယာနာမဝိသေသနတွင် **en, n,** (သို့) **ne** များကို လက်ရှိထားသော ကြိယာများ။

(၂) အတိတ်ကြိယာနာမဝိသေသနတွင် en, n (သို့) **ne** တို့ကို လက်လွှတ်ထားသော ကြိယာများ။

Besides these two groups there in a third, consisting of mixed verbs, that have become Weak either in the Past tense or the Past Participle, but not in both. They are, however, classed among Strong verbs, because they have retained at least one make of the Strong conjugation, and were entirely Strong in old English.

mgyoe.com

mgyoe.com

## Group I

| Present Tense ပစ္စုပ္ပန်ကာလ | | Past Tense အတိတ်ကာလ | Past Participle အတိတ်ကြိယာ နာမဝိသေသန |
|---|---|---|---|
| Arise | ထသည် | arose | arisen |
| Bear(produce) | သီးသည် | bore | born |
| Bear(carry) | ယူဆောင်သည် | bore | borne |
| Beget | သားရစေသည် | begot, begat | begotten, begot |
| Bid | အမိန့်ပေးသည် | bade,bid | bidden, bid |
| Bite | ကိုက်သည် | bit | bitten, bit |
| Bind | ချည်နှောင်သည် | bound | bounden, bound |
| Blow | မှုတ်သည် | blew | blown |
| Break | ကျိုးသည်၊ချိုးသည် | broke | broken |
| Chide | ဆုံးမသည် | chid | chidden, chid |
| Choose | ရွေးချယ်သည် | chose | chosen |
| Draw | ဆွဲသည် | drew | drawn |
| Drink | သောက်သည် | drank | drunken, drunk |
| Drive | မောင်းနှင်သည် | drove | driven |
| Eat | စားသည် | ate | eaten |
| Fall | ကျသည် | fell | fallen |
| Fly | ပျံသည် | flew | flown |
| Forbear | သည်းခံသည် | forbore | forborne |
| Forget | မေ့သည် | forgot | forgotten |
| Forsake | စွန့်ပစ်သည် | forsook | forsaken |
| Freez | ခဲသည် | froze | frozen |
| Get | ရသည် | got | gotten, got |
| Give | ပေးသည် | gave | given |
| Go, wend | သွားသည် | went | gone |
| Grow | ပေါက်သည်၊ စိုက်သည် | grew | grown |
| Hide | ပုန်းသည် | hid | hidden, hid |
| Know | သိသည် | knew | known |

mgyoe.com

mgyoe.com

| | | | |
|---|---|---|---|
| Lie | လဲလျောင်းသည် | lay | lain |
| Ride | စီးသည် | rode | ridden |
| Rise | ထသည် | rose | risen |
| See | မြင်သည် | saw | seen |
| Shake | လှုပ်သည် | shook | shaken |
| Shrink | တွန့်သည်၊ ကျုံ့သည် | shrank | shrunken, shurnk |
| Sink | နစ်မြုပ်သည် | sank | sunken, sunk |
| Slay | သတ်သည် | slew | slain |
| Slide | ချော်လဲသည် | slid | slidden, slid |
| Smite | ရိုက်နှက်သည် | smote | smitten, smit |
| Speak | စကားပြောသည် | spoke | spoken |
| Stride | ခြေလှမ်းကျဲကျဲလှမ်းသည် | stode | stridden |
| Strive | ကြိုးစားသည် | strove | striven |
| Strike | ရိုက်သည် | struck | stircken, struck |
| Swear | ကျမ်းကျိန်ဆိုသည် | swore | sworn |
| Take | ယူသည် | took | taken |
| Tear | ဆုတ်ဖြဲသည် | tore | torn |
| Throw | ပစ်သည် | threw | thrown |
| Tread | နင်းသည် | trod | trodden, tord |
| Wear | ဝတ်ဆင်သည်၊ မွန်းတီးသည် | wore | worm |
| Weave | ရက်သည် | wove | woven |
| Write | ရေးသည် | wrote | written |

| **Verbal Adjective** | **Part of same Tense** |
|---|---|
| ကြိယာနာမဝိသေသန | အချို့သောကာလ၏ အစိတ်အပိုင်း |
| Our **bounden** duty. | He was **bound** by his promise. |
| ကျွန်တော်တို့ တာဝန်ရှိသောဝတ္တရား။ | သူ့ကို သူ၏ကတိက နှောင်တွဲထားခဲ့သည်။ |
| A **drunken** man. | He had **drunk** much wine. |
| အရက်မူးသော လူတစ်ယောက်။ | သူသည် ဝိုင်အရက်များစွာကို သောက်ခဲ့ပြီးပြီ။ |

mgyoe.com

A **stricken** deer. The deer was **struck** with an arrow.
မြားမှန်သော ဒရယ်တစ်ကောင်။ ဒရယ်သည် မြားထိမှန်ခြင်းခံရလေသည်။
A **sunken** ship. The ship had **sunk** under the water.
ရေနစ်မြုပ်သော ရွက်သင်္ဘောတစ်စင်း။ ရွက်သင်္ဘောသည် ရေအောက်၌ နစ်မြုပ်ခဲ့ပြီ။
The **Shrunken** stream. The stream has **shrunk** in its bed.
ရေလုံးငယ်သွားသော မြစ်တစ်မြစ်။ မြစ်မှာ ၄င်း၏ရေကြောင်း၌ ငယ်သွားသည်။
Ill-**gotten** wealth. He has **got** wealth by ill means.
မတရားသဖြင့် ရသောပစ္စည်း။ သူသည် မတရားသောနည်းလမ်းဖြင့် ပစ္စည်းကို ရပြီ။
A **hidden** meaning. The meaning is **hid** (or hidden).
တိမ်မြုပ်သော အဓိပ္ပာယ်တစ်ခု။ အဓိပ္ပာယ်ကို မြုပ်ကွယ်ထားသည်။

## Group II

| Present Tense<br>ပစ္စုပ္ပန်ကာလ | | Past Tense<br>အတိတ်ကာလ | Past Participle<br>အတိတ်ကြိယာနာမဝိသေသန |
|---|---|---|---|
| Abide | နေသည် | abode | abode |
| Awake | နိုးသည်၊ နှိုးသည် | awoke | awoke |
| Become | ဖြစ်လာသည် | became | become |
| Begin | အစပြုသည် | began | begun |
| Behold | ကြည့်သည် | beheld | beheld, beholden |
| Cling | တွယ်ကပ်သည် | clung | clung |
| Come | လာသည် | came | come |
| Dig | တူးသည် | dug | dug |
| Fight | တိုက်ခိုက်သည် | fought | fought |
| Find | တွေ့သည် | found | found |
| Fling | ပစ်သည် | flung | flung |
| Grind | ကြိတ်သည် | ground | ground |
| Hold | ကိုင်သည် | held | held |
| Ring | တီးသည် | rang | rang |

mgyoe.com

mgyoe.com

| | | | |
|---|---|---|---|
| Run | ပြေးသည် | ran | rung |
| Shine | တောက်ပသည် | shone | shone |
| Sing | သီချင်းဆိုသည် | sang | sung |
| Sit | ထိုင်သည် | sat | sat |
| Sling | လွှဲပစ်သည် | slung | slung |
| Slink | ငုံ့ထွက်သည် | slunk | slunk |
| Spin | ချည်ငင်သည် | spun | spun |
| Spring | ခုန်သည် | sprang | sprung |
| Stand | မတ်တတ်ရပ်သည် | stood | stood |
| Stave | ထိုးဖောက်သည် | stove, staved | stove, staved |
| Stick | ကပ်သည် | stuck | stuck |
| Sting | တုပ်သည်၊ ထိုးသည် | stung | stung |
| Stink | နံစော်သည် | stank | stunk |
| String | သီသည်၊ ကြိုးတပ်သည် | strung | strung |
| Swing | တလွဲလွဲသည် | swung | swing |
| Swim | ရေကူးသည် | swam | swum |
| Win | နိုင်သည် | won | won |
| Wind | ရစ်ပတ်သည် | wound | wound |
| Wring | လိမ်ညှစ်သည် | wrung | wrung |

## Group III - Mixed verbs.

ရောနှောကြိယာများ

Such verbs are partly Strong and partly Weak:-

ဤကြိယာမျိုးများသည် တစ်စိတ် Strong verb ဖြစ်၍ တစ်စိတ် Weak verbs များ ဖြစ်ကြသည်။

| | | | |
|---|---|---|---|
| Beat | ရိုက်သည် | beat | beaten |
| Cleave(split) | ကွဲသည်၊ ခွဲသည် | clove, cleft | * cloven, cleft |
| Climb | တက်သည် | clomb, climbed | climbed |
| Crow | တွန်သည် | crew, crowed | crown, crowed |
| Do | လုပ်သည် | did (irregular) | done |
| Grave | ထုလုပ်သည် | graved | * graven, graved |

mgyoe.com

mgyee.com

| | | | |
|---|---|---|---|
| Hang | ဆွဲသည်၊ ကြိုးပေးသည် | hung, hanged | hung |
| Hew | ရွှေသည်၊ ပေါက်သည် | hewed | hewn |
| Lade | ဝန်တင်သည် | laded | laden |
| Melt | အရည်ပျော်သည်၊ ကျိုသည် | melted | * molten, melted |
| Mow | မြက်ရိတ်သည် | mowed | mown |
| Prove | သက်သေပြသည် | proved | proven, proved |
| Rive | ခွဲသည်၊ စိတ်သည် | rived | riven |
| Rot | ပုပ်သည် | rotted | rotten, rotted |
| Saw | လွှနှင့်တိုက်သည် | sawed | sawn |
| Seethe | ပြုတ်သည်၊ ဆူသည် | seethed | * sodden, seethed |
| Sew | အပ်ချုပ်သည် | sewed | sewn |
| Shape | ပုံလုပ်သည် | shaped | shapen, shaped |
| Shave | ဆံပင်ရိတ်သည် | shaved | shaven |
| Strew | ကြဲဖြန့်သည် | strewed | strewn, strown |
| Swell | ပွသည် | swelled | swollen |
| Thrive | တိုးတက်သည် | throve | thriven, thrived |
| Wash | ဆေးလျှော်သည် | washed | * washen, washed |
| Writh | တွန့်လိမ်သည် | writhed | writhen, writhed |

မှတ်ချက်။ ။ * ခရေပွင့်မှတ်ထားသည့် ကြိယာနာမဝိသေသနတွေကို ယခုအခါ (verbal adjectives) ကြိယာသဘောရှိသည့် နာမဝိသေသနတွေလို အများအားဖြင့် သုံးကြသည်။ တစ်စုံတစ်ရာသောကာလရဲ့ အစိတ်အပိုင်းတွေလို မသုံးကြ။

| Verbal Adjective<br>ကြိယာနာမဝိသေသန | Part of same Tense<br>တစ်စုံတစ်ရာသောကာလ၏ အစိတ်အပိုင်း |
|---|---|
| A graven image.<br>ထုလုပ်ထားသော ရုပ်တုတစ်ခု။ | The image was engraved with letters.<br>ရုပ်တုကို စာများနှင့် ထုလုပ်ထားလေသည်။ |
| A molten image.<br>ပုံသွန်းထားသော ရုပ်တုတစ်ခု။ | The image was melted with heat.<br>ရုပ်တုကို အပူအားဖြင့် အရည်ပျော်စေသည်။ |

mgyee.com

mgyoe.com

The sodden flesh.
ပြုတ်ထားသောအသား။
The flesh was seethed in hot water.
အသားကို ပူသောရေ၌ ပြုတ်လေသည်။

A shorn lamb.
အမွေးညှပ်ထားသော သိုးတစ်ကောင်။
The lamb was sheared to day.
သိုးကို ယနေ့ အမွေးညှပ်လေသည်။

A well-sewn cloth.
ကောင်းစွာချုပ်ထားသော အဝတ်။
I have sewed or sewn it.
ကျွန်တော်သည် ၄င်းကို ချုပ်ပြီးပြီ။

Un-washed hands.
မဆေးကြောသောလက်များ။
I have washed my hands.
ကျွန်တော်သည် ကျွန်တော်၏လက်များ ဆေးကြောပြီ။

A hewn log.
ရွှေပေါ်ထိုးပြီးသော တုံးတစ်တုံး။
The log is hewed or hewn.
သစ်တုံးကို ရွှေဘော်ထိုးသည်။

## The weak conjugation
## အကွရာပြောင်းလဲဖြည့်စပ်ခြင်း

The mode of adding the suffix of the Past tense is not uniform.
အတိတ်ကာလ နောက်ဆက်တွဲဖြည့်စပ်ထည့်ခြင်းသည် တစ်သမတ်တည်း မဖြစ်။

(1) If the verb ends in **e**, then **d** only is added, and not **ed**; as-
ကြိယာသည် "e" နှင့် ဆုံးရင် "d" ကိုသာ ထည့်ရသည်။ "ed" ကို မထည့်ရ။

**live, lived** (not **liveed**)

live သည် "e" တွင်ဆုံးပြီး "d" ကို ပေါင်းထည့် **lived** ဖြစ်သည်။ "**live-ed**" မဖြစ်။

**clothe, clothed** (not **clotheed**)

"clothe" ရဲ့ အတိတ်သည် "**clothed**" ဖြစ်သည်။ "clothedde" မဖြစ်။

To this rule there is no exception. (ဤနည်းလမ်းမှာ ခြွင်းချက်မရှိပါ။)

(2) The final consonant is doubled befor **ed**, provided (a) that it is single, (b) that it is preceded by a single vowel, (c) that the verb is monosyllabic or had the final accented.

**Fan, fanned** (not faned); **drop, dropped** (not **droped**). **compel, compelled; control, controlled.**

mgyoe.com

mgyoe.com

(၂) (a) အဆုံးသတ်ဗျည်းသည် တစ်ခုတည်းဖြစ်ခဲ့ရင် (b) အဆုံးသတ်ဗျည်းသည် ရှေ့က တစ်လုံးတည်း သရပါခဲ့ရင်၊ (c) ကြိယာသည် (monosyallabic) တစ်ခုတည်းအက္ခရာဖြစ်ခဲ့ရင်၊ (သို့) အဆုံးသတ်အသံသည် ဂရုသံ (syllable accented) ဖြစ်ခဲ့ရင်၊ (သို့) အဆုံးသတ်ဗျည်းကို "ed" ရှေ့တွင် နှစ်ထပ်ပြုလုပ်ရသည်။

**fan** (ယပ်ခတ်သည်) **fanned** လုပ်ပေးရသည်။ (**faned** မလုပ်ရ) **drop** (ချသည်) **dropped** လုပ်ပေးရသည်။ (**droped** မလုပ်ရ) **compel** (အတင်းအကျပ်ပြုလုပ်သည်)ကို compelled လုပ်ပေးရသည်။ **control** (အုပ်ချုပ်သည်)ကို **controlled** လုပ်ပေးရသည်။

But in a verb like **lengthen**, where the accent is not on the last syllable, the Past tense is **lengthened**; in a verb like **boiled**, where the vowel is not single, the Past tense is **boiled**; and in a verb like **fold**, where the last consonant is not single, the Past tense is **folded**.

သို့သော် ဂရုသံပြောင်းလွှဲခြင်းသည် နောက်ဆုံးဝဏ္ဏအက္ခရာပေါ်တွင် မကျသော **"lengthen"** ကဲ့သို့ ကြိယာတွင် အတိတ်ကာလသည် **"lengthened"** ဖြစ်သည်။ သရတစ်လုံးတည်းမဟုတ်သော **"boil"** ကြိယာတွင် အတိတ်ကာလသည် **"boiled"** ဖြစ်သည်။ နောက်ဆုံးဗျည်းသည် တစ်ခုတည်းမဟုတ်သည့် **"fold"** ကြိယာတွင် အတိတ်ကာလသည် **"folded"** ဖြစ်သည်။

To this rule there are very few exceptions. One exception occurs in the final **l**. The final **l** is doubled, even when it is not accented; as **travel, travelled (not traveled)**. But the final **l** is no doubled, if it (has two vowels going before it; as, **travail, travailed (not travailled)**

ဤနည်းလမ်းမှာ ခြွင်းချက်တချို့ရှိသည်။ ခြွင်းချက်တစ်ခုမှာ အဆုံးသတ် **"l"** ဖြစ်သည်။ အဆုံးသတ် **"l"** သည် ဂရုသံမပြုသည့်အခါမှာပင် အဆုံးသတ် **"l"** ကို နှစ်ထပ်ပြုရသည်။ ဥပမာ **"travel"** ခရီးသည် **"travelled"** ဖြစ်သည်။ **"traveled"** မဟုတ်။ သို့သော် ၎င်းရှေ့၌ သရ (၂)လုံးသွားသော အဆုံးသတ် **"l"**ကို နှစ်ထပ်မပြုလုပ်ရ။ ဥပမာ- (**"travail"** ဒုက္ခဝေဒနာရောက်သည်)သည် **"travailled"**မပြုလုပ်ရ။

Some verbs of the Weak Conjugation form the Past tense in "t" and if the vowel of the Present is a long one, they usually shorten it:-

Weak Conjugation အက္ခရာစကားလုံး ပြောင်းလွှဲခြင်းက အချို့သော ကြိယာများမှာ "t" ၌ အတိတ်ကာလ **past tense** ပြုလုပ်ပြီး present tense

mgyoe.com

mgyoe.com

ပစ္စုပ္ပန်ကာလရဲ့ သရသည် ရှည်ခြင်း(ဒီဃ)ဖြစ်ခဲ့ရင် ၎င်းတို့သည် ထိုဟာကို အမြဲသံတို(ရဿ) ဖြစ်စေသည်။

| Present Tense ပစ္စုပ္ပန်ကာလ | | Past Tense အတိတ်ကာလ | Past Participle အတိတ်ကြိယာ နာမဝိသေသန |
|---|---|---|---|
| Creep | တွယ်တက်တွားသွားသည် | crept | crept |
| Sleep | အိပ်သည် | slept | slept |
| Sweep | တံမြက်လှည်းသည် | swept | swept |
| Weep | ငိုသည် | wept | wept |
| Keep | သိမ်းထားသည် | kept | kept |
| Burn | မီးလောင်သည် | burnt | burnt |
| Deal (del) | ရောင်းသည် | dealt | dealt |
| Dream | အိပ်မက်မက်သည် | dreamt | dreamt |
| Dwell | နေသည် | dwelt | dwelt |
| Feel | တွေ့ထိသည် | felt | felt |
| Kneel | ဒူးထောက်သည် | knelt | knelt |
| Smell | အနံ့ခံသည် | smelt | smelt |
| Spell | စာလုံးပေါင်းသည် | spelt | spelt |
| Lean | မှီသည် | leant, leaned | leant, leaned |
| Mean(men) | ဆိုလိုသည် | meant | meant |
| Spill | ဖိတ်စင်သည် | spilt | spilt |
| Spoil | ဖျက်ဆီးသည် | spoilt, spoiled, | spoilt, spoiled. |

## Exception Verbs
## ခြွင်းချက်ကြိယာများ

| | | | |
|---|---|---|---|
| Make | လုပ်သည် | made | made |
| Have | ရှိသည် | had | had |
| Hear | ကြားသည် | heard | heard |
| Leave | ထွက်ခွာသည် | left | left |
| Lose | ပျောက်ဆုံးသည် | lost | lost |

mgyoe.com

| | | | |
|---|---|---|---|
| Shoe | သံခွာတပ်သည် | shod | shod |
| Flee | ထွက်ပြေးသည် | fled | fled |
| Say | ပြောသည် | said | said |
| Lay | ဥသည်၊ ချထားသည် | laid | laid |
| Pay | ပေးသည် | paid | paid |

Some weak verbs undergo a change of inside vowel. This, however, does not make them Strong verbs. They are Weak without any doubt, because they form the Past tense with the suffix **-d** or **-t**.

အချို့ weak verbs ကြိယာများသည် အတွင်းသရကို ပြောင်းရသည်။ သို့ရာတွင် ဤပြောင်းလွှဲခြင်းသည် ၎င်းကြိယာများကို (Strong Verbs) ကြိယာများ ဖြစ်အောင် မလုပ်နိုင်ကြ။ ၎င်းတို့သည် နောက်ဆက်တွဲ **d** (သို့) **t** ထည့်ပေးခြင်း အားဖြင့် **past tense** အတိတ်ကာလဖြစ်အောင် ပြုလုပ်သောကြောင့် ၎င်းကြိယာများမှာ အကွရာစပ်ပေးထားသော ကြိယာများဖြစ်ကြကြောင်းကို သိရှိရသည်။

| **Present tense** | | **Past tense** | **Past participle** |
|---|---|---|---|
| Beseech | တောင်းပန်သည် | besought | besought |
| Bring | ယူလာသည် | brought | brought |
| Buy | ဝယ်သည် | bought | bought |
| Catch | ဖမ်းသည် | caught | caught |
| Seek | ရှာဖွေသည် | sought | sought |
| Sell | ရောင်းသည် | sold | sold |
| Teach | သင်ပေးသည် | taught | taught |
| Tell | ပြောသည် | told | told |
| Think | ထင်သည် | thought | thought |
| Work | အလုပ်လုပ်သည် | worked | worked, wrought |
| Owe | ကြွေးတင်သည် | ought, owed | owed |
| Dare | ရဲဝံ့သည် | durst, dared | dared |
| Can | နိုင်သည် | could | (wanting) |
| Shall | လိမ့်သည် | should | (wanting) |
| Will | လိမ့်သည် | would | (wanting) |
| May | အခွင့်ရှိသည်၊ နိုင်သည် | might | (wanting) |

mgyoe.com

mgyoe.com

Verbs ending in **d** or **t** in the Present have discarded the preffix of the Past tense to avoid the repetition of **d** or **t**.

Present tense ပစ္စုပ္ပန်ကာလမှ **d** (သို့) **t** နှင့်ဆုံသည့် ကြိယာများသည် **d** (သို့) **t** ကို ထပ်ထည့်ခြင်းရှောင်ရန် Past tense အတိတ်ကာလမှာပင် ထပ်တူထပ်မျှဖြစ်တဲ့ ပုံသဏ္ဌာန် (၃)ခု ရှိကြသည်။

| **Present tense** | | **Past tense** | **Past participle** |
|---|---|---|---|
| Burst | ပေါက်ကွဲသည် | burst | burst |
| Cast | သွန်းသည်၊ ပစ်သည် | cast | cast |
| Cut | ဖြတ်သည် | cut | cut |
| Hit | ရိုက်သည်၊ ထိမှန်သည် | hit | hit |
| Hurt | နာကျင်စေသည် | hurt | hurt |
| Let | စေသည် | let | let |
| Put | ထားသည် | put | put |
| Rid | လွတ်ကင်းသည် | rid | rid |
| Set | စိုက်ထောင်သည် | set | set |
| Shed | ယိုထွက်သည် | shed | shed |
| Shred | အရှည်လိုက်ဆုတ်ဖြဲသည် | shred | shred |
| Shut | ပိတ်သည် | shut | shut |
| Slit | အလျားလိုက်ဆုတ်ဖြဲသည် | slit | slit |
| Spit | တံတွေးထွေးသည် | spit, spat | spit |
| Split | ခွဲသည် | split | split |
| Spread | ဖြန့်သည် | spread | spread |
| Sweat | ချွေးထွက်သည် | sweat | sweat |
| Thurst | ထိုးသွင်းသည် | thurst | thurst |
| Bet | လောင်းကစားသည် | bet | bet |
| Two Quit | ထွက်သွားသည် | quit, quitted | quit, quitted |
| forms Wed | လက်ထပ်သည် | wed, weded | wed, wedded |
| Knit | ဇာထိုးသည် | knit, knitted | knit, knitted |

mgyoe.com

(b) Other verbs in this group end in **d** in the Present tense, but form the Past participle by changing **d** into **t** (There are at least nine such verbs in English.)

ဤစာအုပ်ထဲက အခြားကြိယာတွေသည် Present tense ကာလမှာ "d" နှင့် ဆုံးသည်။ သို့ရာတွင် "d" ကို "t" နှင့် ပြောင်းခြင်းအားဖြင့် အတိတ်ကာလ နှင့် **Past participle** အတိတ်ကြိယာနာမဝိသေသန ပြုလုပ်ရသည်။ (အင်္ဂလိပ် ဘာသာ၌ ဤကြိယာမျိုးများသည် အနည်းဆုံး (၉)ခုရှိသည်။

| **Present tense** | | **Past tense** | **Past participle** |
|---|---|---|---|
| Bend | ကုန်းသည်၊ ညွတ်သည် | bent | bent |
| Build | ဆောက်သည် | built | built |
| Gild | ရွှေချသည် | gilt, gilt | gilt |
| Gird | ရစ်ပတ်သည် | girt, girded | girt |
| Lend | ချေးငှားသည် | lent | lent |
| Rend | ခွဲသည်၊ ဆုတ်ဖြတ်သည် | rent | rent |
| Send | ပို့သည် | sent | sent |
| Spend | သုံးသည် | spent | spent |
| Wend | သွားသည် | went, wended | wended |

(c) Other verbs of this group have the three forms all alike except that they shorten the vowel in the Past tense and Past Participle:-

ဤအစုက အခြားကြိယာများသည် Past tense အတိတ်ကာလနှင့် Past Participle အတိတ်ကြိယာဝိသေသနတွင် vowel သရကို တိုအောင်လုပ်ပစ်သည် မှတစ်ပါး အားလုံးတူသောပုံစံ (၃)မျိုးရှိကြသည်။

| **Present tense** | | **Past tense** | **Past participle** |
|---|---|---|---|
| Bleed | သွေးထွက်သည် | bled | bled |
| Breed | မွေးသည် | bred | bred |
| Feed | ကျွေးမွေးသည် | fed | fed |
| Speed | အမြန်သွားသည် | sped | sped |
| Meet | တွေ့သည် | met | met |
| Lead | လမ်းပြသည် | led | led |

mgyoe.com

| | | | |
|---|---|---|---|
| Read | ဖတ်သည် | read | read |
| Light | မီးထွန်းသည် | lit, lighted | lit, lighted |
| Shoot | သေနတ်နှင့်ပစ်သည် | shot | shot |

**Note.**- The following differences in the use of participles as adjectives or as parts of a tense should be noted:-

မှတ်ချက် ။ ။ past participles အတိတ်ကြိယာနာမဝိသေသနများကို နာမဝိသေသန (သို့) ကာလ၏အစိတ်အပိုင်းအဖြစ်နှင့် သုံးခြင်းတို့သည် အောက်ပါခြားနားချက်များကို မှတ်သားသင့်သည်။

| **Verbal Adjective** | **Part of same Tense** |
|---|---|
| ကြိယာနာမဝိသေသန | အချို့သောကာလ၏ အစိတ်အပိုင်း |
| A lighted candle | The candle is **lit or lighted.** |
| မီးထွန်းထားသော ဖယောင်းတိုင်။ | ဖယောင်းတိုင်ကို မီးထွန်းထားသည်။ |
| **Roast meat** | The meat is **roasted.** |
| ကင်ထားသောအသား။ | အသားကို ကင်သည်။ |
| **Wrought iron** | The horse is **worked** too hard. |
| ပြုပြင်ထားသောသံ | မြင်းကို ပြင်းထန်စွာအလုပ်လုပ်စေသည်။ |

mgyoe.com

mgyoe.com

# Chapter (6)
# အခန်း (၆)
# Conjugation of Auxiliary, Defective, and Annomalous Verbs
# ကူညီသောကြိယာ၊ မပြည့်စုံသောကြိယာနှင့် နည်းလမ်းကင်းသော ကြိယာများ၏ ပြောင်းလွဲခြင်း

## (1) Be. ၁- ရှိသည်၊ ဖြစ်သည်

| | | တစ်ခုကိန်း<br>1 2 3 | အများကိန်း<br>1 2 3 |
|---|---|---|---|
| | | ပထမ-ဒုတိယ-တတိယ | |
| Present | Indicative | am art is<br>ရှိသည်၊ ဖြစ်သည် | are ရှိကြသည်<br>ဖြစ်ကြသည် |
| | Subjunctive | be be be<br>ရှိလျှင်၊ ဖြစ်လျှင် | be ရှိကြလျှင် |
| Past | Indicative | was wast was<br>ရှိခဲ့သည်၊ ဖြစ်ခဲ့သည် | were ရှိခဲ့ကြသည်<br>ဖြစ်ခဲ့ကြသည် |
| | Subjunctive | were wert were<br>ရှိခဲ့လျှင်၊ ဖြစ်ခဲ့လျှင် | were ဖြစ်ခဲ့ကြလျှင် |

| Infinitive | Imperative | Present Participle | Perfect Participle |
|---|---|---|---|
| To be<br>ဖြစ်ရန်၊ ရှိရန် | be<br>ဖြစ်၊ ရှိ | being<br>ဖြစ်နေလျက် | having been<br>ဖြစ်ပြီးလျက် |

**This verb is used in three different ways:-**

ဤကြိယာကို နည်းကွဲ (၃)မျိုးဖြင့် အသုံးပြုရသည်။

mgyoe.com

mgyoe.com

**(a) As an Intransitive verb of Complete Predication, in the sense of mere existence:-**

ရှိကြောင်းမျှသာ သဘောမျိုးနှင့် အဓိပ္ပာယ်ပြည့်စုံသည့် Intransitive verb အဖြစ်ဖြင့်လည်းကောင်း-

God is = God exists. ဘုရားသခင် ရှိတော်မူသည်။

There **are** many men, who, etc. = many men exist, who, etc.

များစွာသောလူများ ရှိကြသည်၊ စသည်များ = များစွာသောလူများ ရှိကြသည်။

**(b) As an Intransitive verb of Incomplete Predication:-**

**မစုံလင်သော Intransitive verb ကဲ့သို့လည်းကောင်း-**

A horse **is** a four-legged animal.

မြင်းသည် ခြေလေးချောင်းရှိသော သတ္တဝါတစ်ကောင်ဖြစ်သည်။

This coat **was** of many colours.

ဤအင်္ကျီမှာ အရောင်များစွာရှိလေသည်။

(c) As an Auxiliary verb:-

All the tenses in passive verbs and all the continuous tense in Active ones are formed by the help of the verb **to be**.

ကူညီသော ကြိယာကဲ့သို့-

Passive verbs ၌ အားလုံးသောကာလများနှင့် Active verb ၌ continuous tenses များကို **"to be"** ဘာဝကြိယာ၏ ကူညီခြင်းဖြင့် ပြုလုပ်ရသည်။

**(2) Have ရှိကြသည်။**

| | | တစ်ခုကိန်း | အများကိန်း |
|---|---|---|---|
| | | 1 2 3 | 1 2 3 |
| Present | Indicative | have hast has<br>ရှိသည် | have ရှိကြသည် |
| | Subjunctive | have have have<br>ရှိလျှင် | have ရှိကြလျှင် |
| Present | Indicative | had hadst had<br>ရှိခဲ့သည် | had ရှိခဲ့ကြသည် |
| | Subjunctive | had hadst had<br>ရှိခဲ့လျှင် | had ဖြစ်ခဲ့ကြလျှင် |

mgyoe.com

| Infinitive မတိကျ | Imperative အာဏာဝါကျ | Present Participle ပစ္စုပ္ပန်ကြိယာ နာမဝိသေသန | Perfect Participle ပြီးမြောက်ကြိယာ နာမဝိသေသန |
|---|---|---|---|
| To have ရှိရန် | have ရှိပါ | having ရှိနေသော-လျက် | having had ရှိပြီး၍ |

**This verb is used in two different senses:-**

ဤကြိယာကို သဘော (၂)မျိုးနှင့် သုံးသည်။

(a) As a Transitive verb, denoting possession. In this sense it is declined regularly in all the moods and tenses:-

ပိုင်ဆိုင်ခြင်းကို ဖော်ပြသော transitive verb အဖြစ်ဖြင့် သုံးသည့်အခါ ထိုကြိယာကို အားလုံး နည်းနိသျှနှင့် ကာလများတွင် နည်းလမ်းမှန်ကန်စွာ ပြောင်းလွှဲရသည်။

**We have (= we possess) four cows and twenty sheep.**

ကျွန်တော်တို့မှာ နွားမလေးကောင်နှင့် သိုးနှစ်ဆယ် ရှိကြသည်။

(ကျွန်တော်တို့ ပိုင်ဆိုင်ကြသည်။)

**(b) As an Auxiliary verb:-**

အကူအညီကြိယာအဖြစ်ကဲ့သို့-

**All the perfect tenses, in all the moods, Active and passive, are formed by the help of this verb.**

ကူညီသောကြိယာအဖြစ်ကဲ့သို့ Active နှင့် Passive တို့တွင် အားလုံးသော နည်းနိသျှတို့၌ အားလုံးသော perfect tense တို့ကို ဤကြိယာ၏ ကူညီခြင်းဖြင့် ပြုလုပ်ရသည်။

**(3) Shall - လိမ့်မည်။**

| | Singular - တစ်ခုကိန်း | Plural အများကိန်း |
|---|---|---|
| | 1 2 3 | 1 2 3 |
| Present | shall shalt shall လိမ့်မည် | shall ကြလိမ့်မည် |
| Past | should shouldst should ခဲ့လိမ့်မည် | should ကြခဲ့လိမ့်မည် |

**There are no other tenses, and there is no Infinitive mood to this verb. It is used in four different senses:-**

ဤကြိယာ၌ အခြားသောကာလများနှင့် နည်းနိသျှတို့ မရှိကြ။ ၎င်းကို သဘော (၄)မျိုးနှင့် သုံးကြသည်။

mgyoe.com

mgyoe.com

(a) As an Auxiliary verb, in a merely **Future** sense:-

**future** အနာဂတ်သက်သက်သဘောနှင့် အကူကြိယာတစ်ခုကဲ့သို့၊ future sense မှာ first person ကို shall နှင့် လုပ်ရသည်။ သံသယနည်း၏ မည်သည့် person မဆို **should** နှင့် လုပ်နိုင်သည်။

ဥပမာ -

**"I shall go".** ကျွန်တော် သွားလိမ့်မည်။

**"If he should go".** သူ သွားလျှင်။

(b) as a Principle verb (Trans), in the sense of **command:-**

In the **second** and **third** persons of the Future; as, ":**thou shalt** not steal". The Transitive "steal" is its object.

အမိန့်ပေးသော အဓိပ္ပာယ်နှင့် (Trans) ပဓာနကြိယာအဖြစ်ကဲ့သို့လည်းကောင်း၊ အနာဂတ်၏ second နှင့် third persons များ၌-

ဥပမာ- **"Thou shalt not steal"** သင် မခိုးနှင့်။ ကိတ်ကြိယာ "steal" သည် ၎င်း၏ object (ကံ)ဖြစ်သည်။

(c) As a Principal verb (Transitive), in the sense of **duty:-**

**"should"** and not **"shall"** is used in the sense of **duty:-**

(Here the force of the verb is not Subjective, but Indicative.)

အလုပ်ဝတ္တရားအဓိပ္ပာယ်နှင့် (Transitive) ပဓာနကြိယာကဲ့သို့ ဝတ္တရားသဘောတွင် "shall" မသုံးရ "should" ကိုသာ သုံးရသည်။ ဤနေရာ၌ ကြိယာသဘောသွားသည် သံသယသဘောမျိုး မသက်ရောက်။ သို့သော် ညွှန်ပြခြင်းသဘောမျိုး သက်ရောက်သည်။

present. - I **should do** (= to my duty to do) this.

ပစ္စုပ္ပန်။ ကျွန်တော် ဤဟာကို လုပ်သင့်သည်။ (လုပ်ရန် ကျွန်တော်၏ ဝတ္တရားဖြစ်သည်။)

past.- I **should** have done this; (it was my duty to do this, but I failed to do it).

အတိတ်။ ကျွန်တော်သည် ဤဟာကို လုပ်ခဲ့ပြီးဖို့ သင့်သည်။ (ဤဟာကို လုပ်ရန် ကျွန်တော်၏ ဝတ္တရားဖြစ်သည်။ သို့ရာတွင် ၎င်းကိုလုပ်ရန် ကျွန်တော် ပျက်ကွက်ခဲ့သည်။)

The Infin **do** and **have done** are objects of **should.**

ကိတ်ကြိယာ **"do"** နှင့် **"have done"** တို့သည် **"should"** ၏ ကံများဖြစ်ကြသည်။

mgyoe.com

mgyoe.com

In the following sentence "**should**" is used in the sense of inferance, rather than in that of duty:-

အောက်ပါဝါကျတွင် **should** ကို ဝတ္တရားအဓိပ္ပာယ်ထက် ထင်မြင်ဖွယ်သဘောမျိုးနှင့် သုံးသည်။

He **should** have arrived by this time.

သူသည် ဤအချိန်တွင် ရောက်ပြီးဖို့သင့်ပြီ။

That is, "It may be inferred, according to the ordinary course of events, that he has arrived by this time.

ထိုဟာမှာ သာမညဖြစ်ရိုးဖြစ်စဉ်အတိုင်း ဤအချိန်မှာ သူသည် ရောက်ပြီးပြီလို့ တွေးထင်နိုင်သည်။

**(d)** As an Auxiliary verb, in the sense of purpose, but only after the conjunction "lest", an only in the form of "**should**".

ကြံရွယ်ချက်ကိစ္စသဘောမျိုးနှင့် အကူညီကြိယာကဲ့သို့သုံးခြင်း၊ သို့ရာတွင် ၎င်းသည် "**lest**" နောက်လာပြီး "**should**" ပုံသဏ္ဍာန်နှင့်သာ သုံးသည်။

He worked hard **lest** he **should** fail.

သူသည် ကျရှုံးမည်စိုးသောကြောင့် ပြင်းထန်စွာ အလုပ်လုပ်ခဲ့သည်။

**(4) Will - လိမ့်မည်။**

| | Singular - တစ်ခုကိန်း | Plural အများကိန်း |
|---|---|---|
| | 1 2 3 | 1 2 3 |
| Present | will wilt wilt လိမ့်မည် | will |
| Past | would wouldst would | would |
| | willed willedst willed | willed |

| Infinitive မတိကျ | Imperative အမိန့် | Present Participle ပစ္စုပ္ပန်ကြိယာနာမဝိသေသန | Perfect Participle ပြီးမြောက်ကြိယာနာမဝိသေသန |
|---|---|---|---|
| To will အလိုရှိရန် | ..... ..... | willing အလိုရှိသော-လျက် | having willed အလိုရှိပြီးလျှင် |

**This verb is used in several different senses:-**

ဤကြိယာကို များစွာသော အမျိုးကွဲသဘောတို့တွင် သုံးသည်။

mgyoe.com

mgyoe.com

**(a) As an Auxiliary verb, in a merely future sense:-**

အနာဂတ်သဘောသက်သက်နှင့် ကူညီသောကြိယာကဲ့သို့-

The second and third persons of any of the Future Indicative are formed by **will**; and any person of the Subjective can be formed by **would**.

အနာဂတ်ညွှန်ပြခြင်း **(Future Indicative)** ၏ second person နှင့် third person များကို **"will"** နှင့် ပြုလုပ်ရသည်၊ သံသယ၏ မည်သည့်လူပုဂ္ဂိုလ်ကိုမဆို **"would"** နှင့် လုပ်နိုင်သည်။

**(b)** As a Principal verb (Transitive) in the same of **intend**. The Infinitive following is its object.

ကြံစည်စိတ်ကူးသည့်သဘောနှင့် (Transitive = ကံရှိ) ပဓာနကြိယာကဲ့သို့ နောက်လိုက်သော (Infinitive = မတိကျကြိယာ)သည် ၎င်း၏ object(ကံ)ဖြစ်သည်။

**I will not steal = I do not intend to steal.**

ကျွန်တော် မခိုးဘူး = ကျွန်တော် ခိုးရန် မကြံစည် (မရည်ရွယ်)

**To will is present with me; but what I will (= wish or intend to do) I do not, what I will not, that I do. - New Testament.**

ကျွန်တော့၌ ဆန္ဒရှိသည်။ သို့သော် ဆန္ဒရှိသည်ကို မလုပ်ဖြစ်။ ဆန္ဒမရှိသည်ကို လုပ်ဖြစ်၏။ ဓမ္မသစ်။

**Note** - The phrase **"would-be"** is elliptical, and is used as an adjective:-

မှတ်ချက်။ ။ **would-be** ပဒစယသည် တစ်ပိုင်းမြုပ်ထား၍ နာမဝိသေသနကဲ့သို့ သုံးသည်။

A would-be murderer (a man who wished or intended to be a murderer, but was prevented.)

သူသတ်ယောက်ျားဖြစ်မည့် လူတစ်ယောက် (သူသတ်ယောက်ျားဖြစ်ရန် အကြံရှိသော (သို့) အလိုဆန္ဒရှိသော၊ သို့သော်လည်း တားဆီးခံနေရသော လူတစ်ယောက်။)

**(c)** As a Principal verb (Transitive), in the sense of **habit**. In this sense **"will"** has the sense of a Present Indicative, and **"would"** of a Past Indicative. The Infin following is its object.

**"habit"** အလေ့အကျင့်သဘောနှင့် (Transitive = ကံရှိ) ပဓာနကြိယာကဲ့သို့-။ ဤသဘောမှာ **"will"** သည် Present Indicative = ပစ္စုပ္ပန်ညွှန်ပြခြင်း

mgyoe.com

mgyoe.com

သဘောသက်ရောက်၍ "would" မှာ past Indicative = အတိတ်ညွှန်ပြခြင်း သဘော ရောက်သည်။ နောက်လိုက်သောကြိယာနာမ်သည် ၎င်း၏ object (ကံ) ဖြစ်သည်။

When frighten, an elephant will burst (= is in the habit of bursting) away with a rush.

ကြောက်လန့်သောအခါ ဆင်တစ်ကောင်သည် အဟုန်နှင့်၍ ပုံးပွက်သွားလိမ့်မည်။ (= ထွက်ပြေးတတ်သော အလေ့ရှိသည်)

(d) As a Principal verb (Transitive), in the sense ... property by a written document or "will". In this sense the Past tense is willed, and not would:-

စာချုပ်စာတမ်း (သို့) သေတမ်းစာနှင့် ပစ္စည်းများကိုထားခဲ့သော အဓိပ္ပာယ်မှာ (Transitive = ကံရှိကြိယာ) ပဓာနကြိယာကဲ့သို့လည်းကောင်း - ဤသဘောမှာ အတိတ်ကာလသည် "willed" ဖြစ်သည်။ "would" မဟုတ်။

He willed (= decided by his written will or testament) that all his property should go to his daughter.

သူ၏ပစ္စည်းများအားလုံးကို သူ၏သမီးအား ပေးရမည်ဟု ဆန္ဒရှိခဲ့သည် (သူ၏ စာချုပ်စာတမ်း၊ သို့မဟုတ် သက်သေခံစာတမ်းနှင့် ဆုံးဖြတ်ခဲ့သည်)

### (5) Do - ပြုသည်၊ လုပ်သည်။

| | Singular - တစ်ခုကိန်း | Plural အများကိန်း |
|---|---|---|
| | 1 2 3 | 1 2 3 |
| Present | do dost does ပြုသည်၊လုပ်သည် | do ပြုကြသည်၊ လုပ်ကြသည် |
| Past | did didst did ပြုလေသည်၊ လုပ်လေသည် | did ပြုခဲ့ကြသည်၊ လုပ်ခဲ့ကြသည် |

| Infinitive မတိကျ | Imperative အမိန့်၊အာဏာ | Present Participle ပစ္စုပ္ပန်ကြိယာ နာမဝိသေသန | Perfect Participle ပြီးမြောက်ကြိယာ နာမဝိသေသန |
|---|---|---|---|
| To do လုပ်ရန် | do လုပ်လိုက် | doing လုပ်နေသော၊လုပ်လျက် | having done လုပ်ပြီးလျှင် |

mgyoe.com

mgyoe.com

## Chapter (7)

## အခန်း (၇)

### This verb is used in three different senses:-

### ဤကြိယာကို အဓိပ္ပာယ် (၃)မျိုး ခွဲ၍သုံးသည်။

**(a)** As a principal verb (Transitive) in the sense of "**perform**". In this sense it is declined regularly in all the moods and tenses:-

ပြုလုပ်ဆောင်ရွက်သောသဘောနှင့် (transitive - ကံရှိ) ပဓာနကြိယာကဲ့သို့သဘောဖြင့် သုံးသောအခါ အားလုံးသော moods နည်း၊ နိဿယများနှင့် tenses ကာလများတွင် ၎င်းကို နည်းလမ်းမှန်ကန်စွာ ပြောင်းလွဲရသည်။

I am now **doing** what you **have done** already.

သင် လုပ်ပြီးသည်ကို ကျွန်တော် ယခု လုပ်နေသည်။

**(b)** As an Auxiliary verb, declined only in the Present and Past tenses:-

အကူကြိယာအဖြစ် ပစ္စုပ္ပန်နှင့် အတိတ်ကာလများတွင်သာ ပြောင်းရသည်။

**Do** and **did** are used as auxiliaries to the Present and Past tenses, Indicative, of other verb for the sake of **emphasis**, for the sake of using **a negative**, and for the sake of **asking a question**.

On the use of **do** in the Imperative.

**"Do"** နှင့် **"did"** တို့ကို လေးနက်စေရန်၊ တားမြစ်ခြင်း။ မေးခွန်းမေးရန်အတွက် အခြားသော ကြိယာတို့၏ ညွှန်ပြခြင်း၊ ပစ္စုပ္ပန်နှင့် အတိတ်ကာလများကို ကူညီသောကြိယာအဖြစ်နှင့် သုံးကြသည်။

**(c)** As a Pro-verb or Substitute-verb, to avoid the repetition of a previous verb. In this sense it can be used in any mood or tense:-

ရှေ့က ပြောဆိုခဲ့ပြီးသောကြိယာကို အကြိမ်ထပ်ကာထပ်ကာ မသုံးရန် (Pro-verb = ရှေ့ကြိယာ)အစား (Substitute verb = အစားထိုးသောကြိယာ)

mgyoe.com

ကဲ့သို့ ၄င်းကို မည်သည့် moodsနည်း၊ နိသျ၊ မည်သည့် tense= ကာလတွင် မဆို သုံးနိုင်သည်။

You need not work so hard as you did (= worked) yesterday.
သင်သည် မနေ့က လုပ်ခဲ့သလို ပြင်းထန်စွာ အလုပ်လုပ်ရန် မလို။
(did ကို worked အစား သုံးသည်။)

## (6) May - နိုင်သည်။

| | Singular - တစ်ခုကိန်း | Plural အများကိန်း |
|---|---|---|
| | 1 2 3 | 1 2 3 |
| Present | may mayest may နိုင်သည် (အခွင့်ရခြင်း) | may |
| Past | might mightest might ခဲ့လိမ့်မည်၊ (အခွင့်ရခြင်း) | might |

**This verb has two different uses:-**
ဤကြိယာကို အဓိပ္ပာယ် (၂)မျိုးခွဲ၍ သုံးသည်။
(a) As a Principal verb, Trnasitive, with Infin as object:-
ကံဖြစ်သည့်ကိတ်နှင့် (**Transitive**= ကံရှိ) ပဓာနကြိယာကဲ့သို့။
He **might** have gone. **(positive or permission)**
သူသွားပြီးကောင်း ပြီးလိမ့်မည်။ [ဖြစ်တတ်ခြင်း (သို့) အခွင့်ရခြင်း]
**(b)** As an Auxiliary, for forming a Subjunctive equivalent:-
သံသယနည်းပြုလုပ်ရန် အကူကြိယာကဲ့သို့။
He works that he **may** live. **(Purpose)**
သူသည် အသက်ရှင်ရန် အလုပ်လုပ်သည်။ (ရည်ရွယ်ချက်ကိစ္စ)
May heaven protest thee! (wish)
သင့်ကို ဘုရားသခင် ကာကွယ်ပါစေ။ (အလိုဆန္ဒ)

The six verbs hitherto named,- be, have, shall, will, do, may,- are the only ones that can be used as Auxiliaries. All of them, as has been shown, can be also used as Principal verbs in certain contexts.

ယခုအထိ ဖော်ပြခဲ့ပြီးသော be, have, shall, will, do, may ကြိယာ (၆)လုံးတို့သည် အကူအညီကြိယာအဖြစ်နှင့်သုံးနိုင်သော ကြိယာများဖြစ်ကြသည်။

mgyoe.com

mgyoe.com

၄င်းကြိယာများသည် ပြသခဲ့ပြီးသည့်အတိုင်း အချို့သောစကား အစီအစဉ်တွင် ပဓာနကြိယာအဖြစ်နှင့်လည်း သုံးနိုင်သည်။

## (7) Can - နိုင်သည်။

| | Singular - တစ်ခုကိန်း | Plural အများကိန်း |
|---|---|---|
| | 1 2 3 | 1 2 3 |
| Present | can canst can နိုင်သည် | can နိုင်ကြသည် |
| Past | could couldst could နိုင်လေသည်၊ | could နိုင်ကြလေသည် |

**This is a Transitive verb, used in two different senses:-**

ဤဟာသည် သဘော (၂)မျိုးသုံးထားသည့် **Transitive verb** ကြိယာဖြစ်သည်။

(a) In the sense of permission:-

ခွင့်ပေးသောသဘောနှင့်။

You **can** (= are permitted to) go or not, as you like.

သင် သဘောရှိသွားလိုက သွား၊ မသွားငိုက မသွားဘဲနေ- (အခွင့်ပြုထားသည်)

(b) In the sense of power or ability:-

* He **cannot** (= is unable to) run as fast as you.

* He could (= would be able to) do this, if he tried.

* တန်ခိုးအာဏာ (သို့) စွမ်းရည်သတ္တိကိုပြသောသဘောနှင့်။

* သူသည် ကြိုးစားခဲ့လျှင် ဤဟာကို လုပ်နိုင်တန်ရာသည်။ (လုပ်နိုင် ခဲ့လိမ့်မည်)

**Note.**- The verb can in some grammars is said to constitute a separated mood, which is called the **Potential**. But this is a mistake it is never Auxiliary, always Principal, and the Infin, following is its object.

မှတ်ချက်။ ။ **can** ကြိယာကို အချို့သော သဒ္ဒါကျမ်းများမှ သီးခြားသော နည်း၊ နိသျ၊ ၄င်းကို **Potential** = စွမ်းဆောင်နိုင်ခြင်း နယနည်းလို့ ခေါ်သည်။ ဤဟာသည် မှားသည်။ ၄င်းကြိယာသည် မည်သည့်အခါမှ အကူအညီကြိယာ

mgyoe.com

mgyoe.com


ဖြစ်မည်မဟုတ်။ ပဓာနကြိယာ အမြဲဖြစ်လျက် နောက်လိုက်သော ကိတ်သည် ၎င်း၏ကံဖြစ်သည်။

**(8) Ought - သင့်သည်။**

| | Singular - တစ်ခုကိန်း | Plural အများကိန်း |
|---|---|---|
| Present or Past | 1 2 3<br>ought oughtest ought သင့်သည်၊ | 1 2 3<br>ought သင့်ကြသည် |

**This verb is, in its origin, the Past tense of the verb owe; as "you ought (=owed) him a thousand pounds" it is now used only in the sense of duty. The verb "ought" is Transitive and the Infin following is its object.**

ဤကြိယာသည် မူလက ပေးရန်ရှိသည်ဟူသော (owe) ကြိယာ၏ အတိတ်ကာလဖြစ်သည်။ ဥပမာ - "You ought him a thousand pounds" သင်သည် သူ့အား ရွှေဒင်္ဂါးပေါင်တစ်ထောင်ပေးရန် ရှိခဲ့သည်၊ (ကြွေးရှိလေသည်။) Ought သည် owed နှင့် တူညီသည်။ ၎င်းကို ယခုအခါ တာဝန်ဝတ္တရားသဘောမျိုးနှင့် သုံးရသည်။ ought ကြိယာသည် Transitive ဖြစ်ပြီး နောက်လိုက်သည် ၎င်း၏ ကံဖြစ်သည်။

Present - You ought to do this; (and you are expected to do it.)

ပစ္စုပ္ပန် - သင်သည် ဤဟာကိုလုပ်ဖို့ သင့်သည်။ (၎င်းကိုပင် လုပ်ရန် မျှော်လင့်ကြသည်။)

Past - You ought to have done this; (but you did not do it).

အတိတ် - သင်သည် ဤဟာကို လုပ်ပြီးခဲ့သင့်သည် (သို့ရာတွင် ထိုဟာကို သင် မလုပ်ခဲ့။)

mgyoe.com

mgyoe.com

### (9) Must - ရမည်။

This verb has now no varieties of form.

ဤကြိယာမှာ ယခုအခါ ပုံသဏ္ဍာန်အမျိုးမျိုးမရှိ။

It is, in its origin, the Past tense of an old verb **motan, "to be obliged"**. The Infin, following is its object.

၄င်းသည် မူလ၌ **"to be obliged"** ကျေးဇူးပြုသည်။ မလွဲသာဖြစ်သည်။ အဓိပ္ပာယ်ရသော ရှေးဟောင်း **motan** ၏ အတိတ်ကာလဖြစ်သည်။ နောက်လိုက် infinitive ကိတ်မှာ ၄င်း၏ကံဖြစ်သည်။

**Must** သည် ယခုအခါ အတိတ်မဟုတ်တဲ၊ ပစ္စုပ္ပန် (သို့) အနာဂတ်အချိန်ကို ဖော်ပြပြီး အဓိပ္ပာယ် (၄)မျိုးတွင် သုံးသည်။

(a) In the sense of necessity or Compulsion:-

**necessity** = မရှိမပြီး၊ အလိုရှိခြင်း။ (သို့) compulsion = တွန်းလှန်ခြင်းသဘောမျိုး။

What **must** come, **must.** ဖြစ်လာရမည့်အရာ၊ ဖြစ်ရမည်။

(b) In the sense of a very strong **intention:-**

(very strong **intention**) အလွန်ခိုင်မာသော ရည်ရွယ်ချက်သဘောမျိုး။

I **must** finish this, before I go.

ကျွန်တော် မသွားမီ ဤဟာကို ကျွန်တော် ပြီးစီးရမည်။

(c) In the sense of **certainty** or a very strong **inference:-**

(certainty or a very strong inference) ကေန်သဘော (သို့) ကေန်လို့ယူဆရန် သင့်သောသဘောမျိုး။

He **must** be dead by this time.

ယခုလောက်ရှိရင် သူ သေပြီး ဖြစ်ရမည်။

(d) In the sense of duty or very strong **obligation:-**

(duty or a very strong obligation) ဝတ္တရား (သို့) အလွန်ကြီးမားသော ကျေးဇူးတင်ခံရခြင်းသဘောမျိုး။

We **must** pay our debts.

ကျွန်တော်တို့၏ ကြွေးမြီများကို ကျွန်တော်တို့ ပေးဆပ်ရမည်။

mgyoe.com

mgyoe.com

**(10) Dare - ဝံ့သည်။**

| | Singular - တစ်ခုကိန်း | Plural အများကိန်း |
|---|---|---|
| | 1 2 3 | 1 2 3 |
| Present | dare dearest dares ဝံ့သည်<br>dare | dare |
| Past | dust durst durst ဝံ့လေသည်၊<br>dare dared dared | durst<br>dared |

| Infinitive<br>ကိတ် | Imperative<br>အမိန့်၊အာဏာ | Present Participle<br>ပစ္စုပ္ပန်ကြိယာ နာမဝိသေသန | Perfect Participle<br>ပြီးမြောက်ကြိယာ နာမဝိသေသန |
|---|---|---|---|
| To dare<br>ဝံ့ရန် | dare<br>ဝံ့ပါ | daring<br>ဝံ့လျက် | having dared<br>ဝံ့ပြီးလျှင် |

**This verb is used in two senses:-**

ဤကြိယာကို သဘော (၂)မျိုးဖြင့် သုံးသည်။

(a) As a verb of Incomplete Predication in the sense of having **courage. In this sense the Third present singular is "dare", and not "dares", provided it is followed by a Negative:-**

**courage=** သတ္တိရှိသော, အဓိပ္ပာယ်တွင် ဝါစကမစုံကြိယာဖြစ်သကဲ့သို့။

ဤသဘောမျိုးသုံးရာတွင် Third person ပစ္စုပ္ပန်ကာလ တစ်ခုကိန်းသည် **"dare"** ဖြစ်၍ **"dares"** မဟုတ်။ သို့ရာတွင် ၄င်းကို နောက်က Negative = တားမြစ်ခြင်း ပါရမည်။

He dare not (= has not courage to) leave the room. (Negative)

သူသည် အခန်းက မသွားဝံ့။ (သတ္တိမရှိ)

He dares to leave the room. (affirmative)

သူသည် အခန်းက ထွက်သွားဝံ့သည်။ (အတိအကျ)

In the Past tense, provided it is followed by a Negative, "durst" is used, and sometimes **"dared"**.

အတိတ်ကာလ၌ နောက်က တားမြစ်ခြင်းပါလာလျှင် **"durst"** ကို သုံးသည်။ တစ်ခါတစ်ရံ **"dared"** ကို သုံးသည်။

mgyoe.com

mgyoe.com

He **durst** not (or dare not) leave the room.

သူသည် အခန်းက ထွက်မသွားဝံ့ချေ။

But if the verb is affirmative, we use **"dared"** and not **"durst"**. The idiom **"I dare say"** simply means **"perhaps"**.

သို့ရာတွင် ကြိယာသည် affirmative= တိကျဖြစ်လျှင် **"dared"** ကို သုံးသည်။ **"durst"** ကို မသုံး။ **"I dare say"** ဟူသော ပြောထုံးသည် (perhaps= ဖြစ်ကောင်းဖြစ်လိမ့်မည်)ဟု ဆိုသည်။

mgyoe.com

mgyoe.com

# Chapter (8)
# အခန်း (၈)
# Syntax
# ဝါကျဖွဲ့နည်း

## 1. Relation of Words to One Another.
## ပုဒ်များ တစ်ခုနှင့်တစ်ခု ဆက်သွယ်ခြင်း။

### Parsing Chart
### ရုပ်တွက်ကားချပ်

### 1. Nouns (၁) နာမ်များ

| Kind of Noun<br>နာမ်အမျိုးအစား | Gender<br>လိင် | Number<br>ကိန်း | Case<br>ဖြစ်ပျက်မှု |
|---|---|---|---|
| Proper | Masculine | singular | Nominative |
| ကိုယ်ပိုင်နာမ် | ပုလ္လိင် | အနည်းကိန်း | |
| Common | Fiminine | Plural | ကတ္တား |
| ဝေါဟာရ | ဣတ္ထိလိင် | အများကိန်း | |
| Collective | Common | | Possessive |
| စုပေါင်း | | | ပိုင်ဆိုင် |
| Material | အနပုလ္လိင် | | Objective |
| ရုပ်ဝတ္ထု | | | ပြုလုပ်ခံ |
| Abstract | Neuter | | |
| စိတ္တဇ | နပုလ္လိင် | | |

mgyoe.com

## 2. Pronouns
## နာမ်စားများ

| Kind of Noun<br>နာမ်အမျိုးအစား | | Gender<br>လိင် | Number<br>ကိန်း | Person<br>ပုဂ္ဂိုလ် | Case<br>ဖြစ်ပျက်မှု |
|---|---|---|---|---|---|
| Pers<br>ပုဂ္ဂလ | Simple<br>ရိုးရိုး | masculine<br>ပုလ္လိင် | singular<br>အနည်းကိန်း | ist<br>ပထမပုဂ္ဂိုလ် | Nominative<br>ကတ္တား |
| | Reflexive<br>တုံ့ပြန်ကံ | Feminine<br>ဣတ္ထိလိင် | | 2nd<br>ဒုတိယပုဂ္ဂိုလ် | possessive<br>ပိုင်ဆိုင် |
| Demons<br>သရုပ်ဖော် | Definite<br>ပဓာန | Common<br>အနပုလ္လိင် | plural<br>အများ | 3rd<br>တတိယပုဂ္ဂိုလ် | objective<br>ပြုလုပ်ခံ |
| | Indefinite<br>အပဓာန | Neuter<br>နပုလ္လိင် | | | |
| Relative<br>ပြန်ညွှန်း(သမ္ဗန္ဓ)<br>Interrogative | | If Relat. Or Demons, agreeing in Gender, Number and Person with it antecedent.<br>ပြန်ညွှန်း (သို့) သရုပ်ဖော်ဖြစ်လျှင် ၎င်း၏ ရှေ့သွားပုဒ်နှင့် လိင်၊ ကိန်း၊ ထို့ပြင် ယောဂနှင့် သဘောတူသည်။ | | | |

mgyoe.com

mgyoe.com

### 3. The Cases of Nouns or Pronouns

### နာမ်များ (သို့) နာမ်စားများ၏ ဖြစ်ပျက်မှု (ကာရကများ)

| Noun. to verb ကြိယာ၏ ကတ္တားဖြစ်ပျက်မှု | Obj. to verb Direct ကြိယာ၏ ပကတိကံ | Obj. in Apposition ဖြစ်ပျက်မှုတူသောကံ |
|---|---|---|
| "as comp. to verb ဖြည့်စွက်ပုဒ်ဖြစ်သည့် ကတ္တားဖြစ်ပျက်မှု | " " Indirect သွယ်ဝိုက်ကံ | " to Preposition ဝိဘတ်၏ကံ |
| "in apposition ဖြစ်ပျက်မှုတူဖြစ်သော ကတ္တားဖြစ်မှု | " " Retained ကြိယာ၏ ပိုင်ဆိုင်ခြင်းကံ | " Adverbial ကြိယာဝိသေသနကံ |
| " of address အမည်တပ်ခေါ်သော ဖြစ်ပျက်မှု | " " cognate ကြိယာ၏ အမျိုးတူသော ကံ | " After certain Adjective အချို့သောနာမဝိသေသန နောက်ကကံ |
| "Absolute. မိမိနှင့်သာ ပြည့်စုံသော ကတ္တား ဖြစ်ပျက်မှု | ကြိယာ၏တုံ့ပြန်ကံ "as compl. to verb | " interjectional အာမေဍိတ်ကံ |
| possessive ပိုင်ဆိုင်ခြင်း | ကြိယာ၏ ဖြည့်ပုဒ်ကံ | |

mgyoe.com

mgyoe.com

## 4. Adjective

### နာမဝိသေသနများ

| The kind of Adjective<br>နာမဝိသေသနအမျိုးမျိုး | | Degree<br>နှိုင်းယှဉ်ခြင်း | Use<br>အသုံး |
|---|---|---|---|
| Proper | | Positive | Attributive |
| ကိုယ်ပိုင်နာမ် | | အနိမ့်စား | ဂုဏ်ပြသုံးခြင်း |
| of Quality အဆင့်အတန်း | Def | comparative | predicative |
| Number သင်္ချာ | ပဓာန | အလတ်စား | ဝါစကသဘောသုံးခြင်း |
| of Quality | indef | Superlative | |
| ပမာဏ | အပဓာန | အမြတ်စား | |
| Distributive | Def. | | |
| ခွဲဝေ | ပဋ္ဌာန | | |
| Demons | Indef | | |
| သရုပ်ဖော် | အပဋ္ဌာန | | |

## 5. Adverbs

### ကြိယာနာမဝိသေသနများ

| Kind<br>အမျိုးအစား | Degree<br>နှိုင်းယှဉ်ခြင်း | Use<br>အသုံး | Attributive uses<br>ဂုဏ်ပြသုံးခြင်း |
|---|---|---|---|
| Simple | Positive | Attributive | To quality verb |
| ရိုးရိုး | အနိမ့်စား | ဂုဏ်ပြသုံးခြင်း | ကြိယာအထူးပြုရန် |
| Relative | comperative | predicative | " " Adjective |
| ပြန်ညွှန်းသမ္ဗန္ဓ | အလတ်စား | ဝါစက | နာမဝိသေသန |
| | | သဘောသုံးခြင်း | အထူးပြုရန် |
| Interrogative | superlative | | " " Adverb |
| ပုစ္ဆာ | အမြတ်စား | | " " ကြိယာဝိသေသန |
| | | | " " preposition |
| | | | " " ဝိဘတ် |
| | | | " " conjunction |
| | | | " " သမ္ဗန္ဓ |
| | | | " " sentence |
| | | | ဝါကျအထူးပြုရန် |

mgyoe.com

mgyoe.com

## 6. Finite Verbs
## ကန့်သတ်ထားသော ကြိယာများ

| Kind of verb<br>အမျိုးအစား | person<br>ယောဂ(ပုဂ္ဂိုလ်) | Number<br>ကိန်း | Tense<br>ကာလ | Form<br>ပုံသဏ္ဍာန် |
|---|---|---|---|---|
| | | | | Indefinite<br>မသေချာသော |
| Transitive<br>ကံလို | 1st<br>ပထမပုဂ္ဂိုလ် | singular | present<br>ပစ္စုပ္ပန် | continuous<br>ဆက်လက်<br>ဖြစ်သော |
| Intransitive<br>ကံမလို | 2nd<br>ဒုတိယပုဂ္ဂိုလ် | အနည်း | past<br>အတိတ် | perfect<br>ပြည့်စုံပြီးမြောက် |
| Auxiliary<br>အကူအညီ | 3rd<br>တတိယပုဂ္ဂိုလ် | plural<br>အများ | future<br>အနာဂတ် | perf. contin<br>ပြီးမြောက်<br>ဆက်လက် |

| mood နည်းနယ | voice နိဿျ | |
|---|---|---|
| Indicative<br>ညွှန်ပြဖော်ပြသော<br>or Imperative<br>အာဏတ္တိ<br>Subjunctive<br>သံသယ | Active<br>ပြုလုပ်(ကတ္တု)<br>Passive<br>ပြုလုပ်ခံ(ကမ္မ). | Agreeing in number and person with its subject or subject expressed understood.<br>ဖော်ပြသော (သို့) မြုပ်ထားသော ၄င်း၏ ကတ္တားများနှင့် ကိန်းနှင့်ယောဂတွင် သဘောတူညီလျက်။ |

mgyoe.com

mgyoe.com

## 7. In Finite

ပြုလုပ် (ကိတ)

| Form<br>ပုံသဏ္ဍာန် | (a) Use as Noun-Inf.<br>အသုံးမှာ ကိတ်ရိုးကဲ့သို့ | (b) Use as Gerundial Inf.<br>အသုံးမှာ ဝိသေသကိတ်ကဲ့သို့ |
|---|---|---|
| Indicative<br>အပဒ္ဒါန<br>Continuous<br>ဆက်လက်<br>perfect<br>ပြီးမြောက်<br>perfect contin.<br>ပြီးမြောက်ဆက်လက်<br>contin.<br>ဆက်လက် | Subject to verb<br>ကြိယာ၏ကတ္တား<br>Object to verb<br>ကြိယာ၏ကံ<br>complement to verb<br>ကြိယာ၏အဖြည့်ပုဒ်<br>Object to preposition<br>ဝိဘတ်၏ကံ<br>exclamatory<br>အာမေဍိတ် | to qualify<br>အထူးပြုရန်<br>" a verb<br>ကြိယာကို<br>Attributively<br>a Noun ဝုဏ်ပြ<br>နာမ်ကို predicatively<br>ဝါစကကဲ့သို့<br>" an Adjective<br>နာမဝိသေသနကို<br>To introduce a parenthesis<br>စကားညှပ်ကို သွင်းလာရန်။ |

## 8. Participle or Verbal Adjective

ကြိယာနာမဝိသေသန (သို့) ကြိယာသဘောပါသော နာမဝိသေသန

| Form<br>ပုံသဏ္ဍာန် | Voice<br>နိသျ | Kind of verb<br>ကြိယာအမျိုးအစား | Use<br>အသုံး | |
|---|---|---|---|---|
| Present<br>Past<br>perfect | Active ပြုလုပ်<br>passive<br>ပြုလုပ်ခံ | Transitive<br>ကံလို<br>Intransitive<br>ကံမလို | Attributive<br>ဝုဏ်ပြခြင်း<br>predicative<br>ဝါစက<br>Gerundive<br>နာမ်အဓိက<br>ဖြစ်သည့်<br>ကိတ် | complement<br>အဖြည့်ပုဒ်<br><br>Absolute<br>မိမိနှင့်သာကိစ္စ<br>ပြီးပြည့်စုံသော |

mgyoe.com

mgyoe.com

## 9. Gerund

ကြိယာနာမ်(ကိတ်နာမ်)

| Form ပုံသဏ္ဌာန် | Voice နိဒ္ဒ | Kind of verb ကြိယာအမျိုးအစား |
|---|---|---|
| Present<br>Perfect | Active<br>Passive | Transitive<br>Intransitive |

## 10. Conjunction

**သမ္ဗန္ဓများ**

**Co-ordinative သမာန (အဆင့်အတန်းတူ)**

**Subordinative - လက်အောက်ခံ**

Nominative case-

ကတ္တားဖြစ်ပျက်မှု

(1) As subject to a verb-

ကြိယာ၏ ကတ္တားအဖြစ်

I did this. **Rain** in falling. **you** are tired.

ဤဟာကို ကျွန်တော် လုပ်ခဲ့သည်။ မိုးရွာနေသည်။ သင် မောပန်းနေသည်။

(2) Subjective Complement to a verb-

ကြိယာ၏ ကတ္တားအဖြည့်ပုဒ်ကဲ့သို့-

I am the man. လူသည် ကျွန်တော် ဖြစ်သည်။

Caesar was decleared emperor.

ဆီဇာကို ဧကရာဇ်ဘုရင်ဟု ထုတ်ဖော်ကြေညာခဲ့သည်။

**Note:** An Infinitive can come between the verb and the noun.

မှတ်ချက်။ ကိတ်သည် ကြိယာနှင့် နာမ်အကြားတွင် လာနိုင်သည်။

He appeared to be a wise man.

သူသည် လိမ္မာသောလူတစ်ယောက် ဖြစ်ဟန်ရှိခဲ့သည်။

mgyoe.com

mgyoe.com

# Chapter (9)
# အခန်း (၉)
# The Sequence of Tenses.

Sentences ဝါကျ (၂)ခုတို့ကို Subordinationg conjunction လက်အောက်ခံသမ္ဗန္ဓ တစ်စုံတစ်ခုသော်လည်းကောင်း၊ Relative ပြန်ညွှန်းသမ္ဗန္ဓ သို့မဟုတ် Interrogative pronoun ပုစ္ဆာနာမ်စား၊ သို့မဟုတ် Adverb ကြိယာဝိသေသနတစ်စုံတစ်ခုနှင့်သော်လည်းကောင်း ဆက်စပ်ကြသောအခါ ၎င်းတို့နှစ်ခုအနက် တစ်ခုကို Principle ပဓာနခေါ်ပြီး အခြားတစ်ခုကို Dependent လက်အောက်ခံဝါကျလို့ ခေါ်သည်။

**Sequence of Tenses** သည် **English** စာရေးသားရာမှာ အထူးအရေးပါအရာရောက်သည်။ **English** ဝါကျများကို မှန်ကန်စွာ ရေးသားတတ်လာမည်ဖြစ်သည်။ **Sequence of tenses** ကာလများ၏ အစီအစဉ်တွင် အဓိကဥပဒေ (၅)ခု ရှိသည်။

**1. Principle clause အဓိကဝါကျကဏ္ဍ။**

အဓိကဝါကျကဏ္ဍတွင် verb ကြိယာသည် Past Tense အတိတ်ကာလဖြစ်ရင်း Subordinate clause လက်အောက်ခံဝါကျကဏ္ဍတွင် ပါရှိသည့် verb ကြိယာသည် Past tense အတိတ်ကာလ ဖြစ်ရမည်။

Example: He **told** me that he **wanted** some money.
He **was** honest though he **was** poor.
He **succeeded** because he **worked** very hard.
I **would** go there if you **allowed** me.

(2) Principale clause: ပဓာနဝါကျကဏ္ဍတွင် ပါရှိသော verb ကြိယာသည် present ပျက်မှောက် (သို့) Future Tense ဖြစ်ရင်. Subordinate clause

mgyoe.com

mgyoe.com

မှာရှိသည့် verb ကြိယာသည် မည်သည့် Tense ကာလမဆို အသုံးပြုနိုင်သည်။
Example: **He says that he will come.**
**He says that he did not go there.**
**He says that he is coming.**
**The boy tells me that he is coming.**
**He will think that she was there.**
**He will think that she will come.**

(3) ဤဥပဒေသသည် အထက်ဖော်ပြပါ နံပါတ် (1) ဥပဒေ၏ ခြွင်းချက်ဖြစ်သည့် Principal clause မှာ Verb ကြိယာသည် Past tense ဖြစ်ခဲ့သော်လည်း Subordinate clause လက်အောက်ခံဝါကျကဏ္ဍတွင်ရှိသည့် verb ကြိယာသည် အမြဲဖြစ်နေသောအကြောင်းတစ်ခုကို ဖော်ပြရင် Present tense ကို သုံးရသည်။
Example: **He said that the sun is very hot.**
**The teacher explained how the tides are caused.**

(4) ဤဥပဒေသ (4) သည် နံပါတ် (1) ဥပဒေ၏ ခြွင်းချက်ဖြစ်သည်။ Suboridnate Clause မှာ **than** ထည့်ပြီးသုံးထားရင် နံပါတ် (1) ဥပဒေအတိုင်း မသုံးရပေ။ မည်သည့် tense ကာလကိုမဆို ထည့်သုံးနိုင်သည်။
Example: He liked you better than he likes me.
He liked you better than he liked me.
He will like you better than he has like me.
He liked you better than he is liking me.
He will like you better than he was liking me.

(5) Subordinate Clause လက်အောက်ခံဝါကျကဏ္ဍတွင် အကြောင်းပြသော စကားများဖြစ်သည့် **so, that, in order that, lest** စသည်တို့ ပါရှိခဲ့သော်-

(A) လက်အောက်ခံဝါကျကဏ္ဍတွင်ရှိသည့် verb ကြိယာသည် Present (သို့) Future tense ဖြစ်နေရင် Subordinate Clause တွင်ရှိသည့် verb ကြိယာရှေ့မှ May ထည့်ပြီး သုံးရသည်။

(B) Principal Clause မှာရှိသော verb ကြိယာသည် Past tense ဖြစ်နေရင် Subordinate တွင်ရှိသော Verb ကြိယာရှေ့မှ May ၏ Past tense ဖြစ်သည့် might နှင့်ယှဉ်တွဲပြီး သုံးရသည်။

Example: He comes that he **may** see me.
He comes so that he **may** see me.
He comes in order that he **may** see me.

mgyoe.com

He has come that he **may** see me.
He will come that he **may** see me.
He will be coming that he **may** see me.
He came that he might see me.
He was coming that he might see me.
He had come that he might see me.

**Lest** ကို သုံးချင်ရင် နောက်မှ အမြဲ **should** ထည့်ပြီး သုံးရမယ်။
He takes the umbrella **lest** it **should** rain.
He told me **lest** I **should** forget.

mgyoe.com

mgyoe.com

# Chapter (10)
# အခန်း (၁၀)
# Verb Patterns
# ဝါကျပုံစံများ

**Form (1) Subject × Verb × Direct Object**

She laughed a merry laugh. (Table No.1 (VP 1, 12)

သူမသည် နှစ်ခြိုက်ရွှင်ပျသော ရယ်ခြင်းဖြင့် ရယ်မောသည်။

She smiled her thanks.

သူမသည် ကျေးဇူးတင်ကြောင်းကို အပြုံးနှင့် ပြုံးပြသည်။ (Table No.1, 13)

This climate does not suit me.

ဤရာသီသည် ကျွန်တော်နဲ့ မတည့်။ (Table No. V, P -1,14)

**Forms (2) Subject × verb (not ×) to infinitive, etc.**

Please try to do better next time. table No 2 (VP 2)

ကျေးဇူးပြုပြီး နောက်တစ်ကြိမ်မှာ ဒီထက်ပိုမိုကောင်းမွန်အောင် ကြိုးစားပါ။

He has refused to help us.

သူသည် ကျွန်တော်တို့ကို အကူညီပေးရန် ငြင်းခဲ့ပြီးပြီ။

I forgot to post your letters.

ကျွန်တော် ခင်ဗျား စာကို ထည့်ဖို့မေ့သွားတယ်။

**(3) Subject × verb (pro) noun (not ×) to-infinitive.**

I do not want anyone to know.

ဘယ်သူ့ကိုမှ ဒီအကြောင်းကို မသိစေလိုပါ။

mgyoe.com

mgyoe.com


We can't allow them to do that.

သူတို့ကို အဲဒါလုပ်ခွင့် ကျွန်တော်တို့ မပေးနိုင်ပါ။

He likes his wife do dress well.

သူသည် သူ့ဇနီးကို အဝတ်ကောင်းကောင်း ဝတ်ဆင်စေလိုသည်။

She can't bear you to be unhappy.

သူမသည် ခင်ဗျား စိတ်မပျော်ရွှင်မှုကို မခံစားနိုင်ပါ။

The rain caused the weeds to grow fast.

မိုးသည် ပေါင်းပင်မြက်များကို အလျှင်အမြန်ပေါက်ပွားစေခဲ့တယ်။

**Form (4) Subject × Verb (pro)noun, etc (to bex) complement.**

All the neighbours supposed her to be a widow.

အိမ်နီးချင်းတွေက သူမ မုဆိုးမလို့ ထင်မြင်ယူဆကြသည်။

We believe it to have been a mistake.

ကျွန်တော်တို့သည် ထိုအရာသည် အမှားအယွင်းတစ်ခုဖြစ်သည်လို့ ယုံကြည်သည်။

**Form (5) Subject × Verb-it-complement-clause, phrase, etc.**

We all consider it wrong to cheat in examinations.

ကျွန်တော်တို့အားလုံးသည် စာမေးပွဲများတွင် မှားယွင်းသောနည်းဖြင့်ဖြေခြင်းသည် မှားယွင်းသည်လို့ ယူဆကြသည်။

I think it a pity to waste them.

ထိုအရာများကို ဖြုန်းတီးပစ်ခြင်းမှာ စိတ်မချမ်းမြေ့ဖွယ်ဖြစ်သည်ဟု ကျွန်တော် ထင်သည်။

I count it an honour to serve you.

ခင်ဗျားရဲ့အမှုတော်ကို ဆောင်ရွက်ရခြင်းသည် ဂုဏ်ယူမက်မောဖွယ်တစ်ခုဖြစ်သည်ဟု ကျွန်တော် တွေးဆမိသည်။

**Form (6) Subject × Verb-(pro) noun-Infinitive.**

We felt the house shake.

အိမ်လှုပ်ခါသွားသည်ကို ကျွန်တော်တို့ ခံစားမိသည်။

mgyoe.com

mgyoe.com

I like to hear her sing.

သူမ သီချင်းဆိုသည်ကို ကျွန်တော် ကြားလိုသည်။

They made me do it.

သူတို့က ကျွန်တော့်အား ထိုအရာကို လုပ်စေခဲ့သည်။

He bade the attendents leave the hall.

သူသည် အခြွေအရံများ၊ အပေါင်းအသင်းများကို ခန်းမထဲမှ ထွက်သွားနိုင်းသည်။

I have know educated persons make this mistake.

ပညာတတ်သူများသည်လည်း အမှား မှားသည်ကို ကျွန်တော် သိရဖူးသည်။

Form (6 A) Subject × Verb- (pro) noun-Present Participle.

I saw the thief running away.

ကျွန်တော်သည် သူခိုးပြေးသွားသည်ကို မြင်လိုက်သည်။

We watched the train steaming past.

ကျွန်တော်တို့သည် မီးရထားဖြတ်သွားသည်ကို စောင့်ကြည့်ကြသည်။

I heard him giving orders.

သူ အမိန့်ပေးနေသည်ကို ကျွန်တော် ကြားသည်။

She could feel her heart beating wildly.

သူမသည် အလွန်ရင်ခုန်နေသည်ကို ခံစားမိသည်။

We listened to the band playing in the park.

ပန်းခြံထဲမှာ တီးဝိုင်းတီးနေသည်ကို ကျွန်တော်တို့ နားထောင်ကြသည်။

Form (6 B) Subject × Verb - (pro) noun-Present Participle

I found him working at desk.

သူသည် သူ့ရဲ့စားပွဲတွင် အလုပ်လုပ်နေသည်ကို ကျွန်တော် တွေ့သည်။

We mustn't keep them waiting.

ကျွန်တော်တို့သည် သူတို့ကို အစောင့်ခိုင်းထား၍ မဖြစ်ပါ။

The news left me wondering what would happen next.

ဒီသတင်းသည် 'နောက် ဘာများဖြစ်ဦးမလဲလို့ ကျွန်တော့်ကို စဉ်းစားတွေးတော ကျန်ခဲ့စေသည်။

mgyoe.com

mgyoe.com

I caught him stealing apples from my garden.

သူသည် ကျွန်တော့်ဥယျာဉ်မှ ပန်းသီးများခိုးနေသည်ကို ကျွန်တော် မိသည်။

We'll soon get things going.

မကြာမီ ကျွန်တော်တို့ လုပ်ငန်းများ စတင်ဖြစ်ပါလိမ့်မည်။

**Form (7 A) Subject × Verb - (pro) noun-Adjective**

The Governor set the prisoners free.

အုပ်ချုပ်ရေးမှူးသည် အကျဉ်းသားများကို လွှတ်သည်။

The cat licked the saucer clean.

ကြောင်သည် ပန်းကန်ပြားကို ပြောင်စင်သွားအောင် လျက်သည်။

He shouted himself hoarse.

သူသည် အသံပြာလာအောင် အော်ဟစ်သည်။

**Form (7 B) Subject × Verb- (pro) noun-Adjective**

I found the box empty.

ကျွန်တော်သည် သေတ္တာထဲမှာ ဘာမှမရှိသည်ကို တွေ့သည်။

He likes his coffee strong.

သူသည် သူ့ကော်ဖီကို ပြင်းမှကြိုက်သည်။

I hope to see you well.

ကျွန်တော် ခင်ဗျား ကျန်းမာသည်ကို တွေ့ရမယ်လို့ မျှော်လင့်သည်။

He wished himself dead.

သူသည် သူ့ကိုယ်သူ သေပါစေတော့လို့ ဆန္ဒရှိမိသည်။

**Form (8) Subject × Verb - (pro) noun-Noun, etc.**

They wanted to crown Caesar King.

သူတို့သည် ဆီဇာကို ဘုရင်တင်မြှောက်လိုကြသည်။

We appointed him manager.

ကျွန်တော်တို့သည် သူ့ကို မန်နေဂျာခန့်သည်။

Call it what you will.

အဲဒါကို ကြိုက်သလို မင်းခေါ်ပါ။

He has made the company what it is today.

သူသည် ကုမ္ပဏီကို ယနေ့အခြေအနေရောက်အောင် လုပ်ပေးခဲ့သည်။

mgyoe.com

Table No (17)

**Form (9) Subject × Verb - (pro) noun - past pasticiple.**

He made his influence felt.

သူသည် သူ့ရဲ့သြဇာရှိမှုကို ခံစားစေသည်။

You must make youself respected.

သင်သည် လူအများ ရိုသေလေးစားခံရအောင် ပြုလုပ်ရမယ်။

We found the house deserted.

အိမ်သည် စွန့်ပစ်ထားခြင်းခံရသည်။

I want the work finished quickly.

ဒီအလုပ်ကို အမြန်ပြီးစီးစေချင်သည်။

**Table No-18 Subject × Verb - (pro) noun - past participle**

**(Vp 9)** I must get my hair cut.

ကျွန်တော့်ဆံပင်ကို ညှပ်မှဖြစ်မည်။

You had better have that tooth pulled out.

သင့်ရဲ့ ဒီသွားကို နုတ်ပစ်ရင်ကောင်းမယ်။

**Table No-19 (VP 9) Subject × Verb - (pro) noun - past participle**

She has had her bag stolen.

သူမသည် လက်ကိုင်အိတ် အခိုးခံလိုက်ရသည်။

The soldier had his left leg amputated.

စစ်သားသည် လက်ဝဲဘက်ခြေထောက် ခွဲစိတ်ဖြတ်တောက်ခြင်းခံရသည်။

King Charles 1 had his head cut off.

ပထမမြောက် ချားလ်စ်ဘုရင်သည် ခေါင်းဖြတ်ခြင်းခံရသည်။

We have had broken into by thieves.

ကျွန်တော်တို့အိမ်ကို သူခိုးထွင်းဖောက်ဝင်ခြင်းခံရသည်။

**Table No. 20 (VP 10 A) Subject × Verb - (pro) noun - A.P (adverbial particles)**

Put your hat on.

ခင်ဗျား ဦးထုပ်ကိုဆောင်းပါ။

mgyoe.com

mgyoe.com

Take your coat off.

ခင်ဗျား ကုတ်အင်္ကျီကို ချွတ်ပါ။

I hope you'll back me up.

ကျွန်တော့်ကို ခင်ဗျား ထောက်ခံလိမ့်မယ်လို့ မျှော်လင့်တယ်။

The bus knocked him down.

ဘတ်(စ်)ကားသည် သူ့ကို နောက်လန်လဲကျသွားအောင် တိုက်သည်။

She put on an air of innocence.

သူသည် အပြစ်ကင်းသည့်ဟန်ဆောင်သည်။

You've brought about my ruin.

ခင်ဗျားသည် ကျွန်တော့်ရဲ့ဖျက်ဆီးခြင်းကို ဖြစ်စေခဲ့ပြီ။

**Table No.21 (Vp 10 A) Subject × Verb - A.P - Noun, etc.**

We must lock up the house.

ကျွန်တော်တို့အိမ်ကို သော့ခတ်မှဖြစ်မည်။

He gave away every he had.

သူသည် သူ့မှာရှိသမျှငွေ တစ်ပဲနီမကျန် ပေးကမ်းစွန့်ကြဲပစ်သည်။

Don't throw away anything that might be useful.

အသုံးဝင်နိုင်တဲ့ အရာပစ္စည်းမှန်သမျှ လွှင့်မပစ်ပါနဲ့။

**Table No. 22 (VP 10 A) Subject × Verb - (pro) noun - Adverbial.**

Don't throw it out of the window.

အဲဒါကို ပြတင်းပေါက်က ပစ်မချနဲ့။

We took the children for a walk.

ကျွန်တော်တို့သည် ကလေးများကို လမ်းလျှောက်ခေါ်သွားသည်။

The servant showed me to the door.

အစေခံသည် ကျွန်တော့်ကို တံခါးသို့လိုက်ပို့သည်။

I look upon him as a good friend.

ကျွန်တော် သူ့ကို မိတ်ဆွေကောင်းတစ်ဦးလို သဘောထားသည်။

We can employ you as a clerk.

ကျွန်တော်တို့သည် စာရေးအဖြစ် ခင်ဗျားကို အလုပ်ခန့်နိုင်သည်။

mgyoe.com

mgyoe.com

**Table No. 23 (VP 1(●) Subject × Verb - (pro) noun-to- infinitive, clause.**

He brought his brother to see me.

သူသည် သူ့အစ်ကို(ညီ)ကို ကျွန်တော်နဲ့တွေ့ရန် ခေါ်လာသည်။

He took the medicine to please his wife.

သူသည် သူ့မိန်းမ သဘောကျကျေနပ်အောင် ဆေးသောက်သည်။

You must do what the doctor tells you in order to get well again.

သင်သည် ကျန်းမာလာစေရန် ဆရာဝန် ပြောသည်ကို လုပ်ရမည်။

I don't know her to speak to.

ကျွန်တော်သည် သူမ စကားပြောနိုင်လောက်အောင် မသိပါ။

He opened the door for the cat to go out.

သူသည် ကြောင်ထွက်သွားနိုင်လောက်အောင် တံခါးဖွင့်ပေးသည်။

Take this book to read during the journey.

လမ်းမှာဖတ်ဖို့ ဒီစာအုပ်ကို ယူသွားပါ။

**Table No. 24 (VP 11A) Subject × Verb - that - clause**

The telegram says that they have reached Rome.

သူတို့တွေ ရောမကို ရောက်ကြပြီလို့ ကြေးနန်းက ပြောတယ်။

She suggested that we should start early.

သူမက ကျွန်တော်တို့ကို စောစောစတင်သင့်တယ်လို့ အကြံပေးသည်။

We saw that the plan would fail.

ကျွန်တော်တို့သည် စီမံကိန်းအောင်မြင်မည်မဟုတ်သည်ကို မြင်ခဲ့ကြသည်။

**Table No. 25 (VP 11 B) Subject × Verb - to × (pro) noun - that-clause.**

He admitted to his employer that he had made a mistake.

သူသည် သူ့အလုပ်ရှင်ကို အမှားတစ်ခု သူ လုပ်ခဲ့မိကြောင်း ဝန်ခံသည်။

He confessed to her that he had spent all his money.

သူသည် သူ့ငွေအားလုံးကို သုံးဖြုန်းခဲ့ကြောင်း သူမကို ဖွင့်ပြောသည်။

I suggested to them that it might be better to wait.

ကျွန်တော်က သူတို့ကို စောင့်နိုင်းရင် ပိုကောင်းနိုင်သည်လို့ အကြံပေးသည်။

mgyoe.com

mgyoe.com

**Table No. 28 (VP B) Subject × Verb - Conjunctive × to - infinitive, etc.**

I wonder how to get there.

ဟိုကို ဘယ်လိုသွားရပါ့မလဲလို့ ကျွန်တော် တွေးမိတယ်။

She didn't know which one to buy.

သူမသည် မည်သည့်အရာကို ဝယ်ယူရမှန်း မသိပါ။

We must find out what to do next.

ကျွန်တော်တို့ နောက်ထပ် ဘာလုပ်ရမည်ကို စုံစမ်းရမည်။

**Table No. 29 (VP 14) Subject × Verb - (pro) noun - Conjunction × to-infinitive.**

I showed them how to do it.

အဲဒါကို ဘယ်လိုလုပ်ရမယ်ဆိုတာ သူတို့ကို ကျွန်တော် ပြပေးသည်။

Ask your teacher how to pronounce the word.

စကားလုံးတွေကို ဘယ်လိုအသံထွက်ရမယ်ဆိုတာ သင့်ရဲ့ဆရာကို မေးပါ။

Please inform me where to get tickets.

ကျေးဇူးပြုပြီး ဘယ်မှာလက်မှတ်ယူရမလဲဆိုတာ ပြောပြပါ။

**Table No. 30 (VP 15) Subject × Verb - Conjunction × Clause.**

I wonder why he has't come.

ကျွန်တော်သည် သူ ဘာကြောင့်မလာတယ်ဆိုတာကို သိချင်သည်။

The captain decides who shall play in the team.

အသင်းမှာ ဘယ်သူကစားရမည်ဆိုတာ ကပ္ပတိန်က ဆုံးဖြတ်သည်။

Few people know how hard he works.

သူ ဘယ်လောက်ကြိုးစားမှန်း သိသူအနည်းငယ်ပဲ ရှိသည်။

**Table No. 31 (VP 16) Subject × Verb - (pro) - Conjunctive × Clause.**

. Tell me what this is.

ဒါ ဘာလဲ ကျွန်တော့်ကို ပြောပြပါ။

Everyone told us how well you played.

ခင်ဗျား ဘယ်လောက်ကောင်းအောင်ကစားခဲ့သလဲဆိုတာ လူတိုင်းက ငါတို့ကို ပြောပြသည်။

mgyoe.com

**Table No.32 (VP 17 A) Subject × Verb - Gerund, etc.**

We must go on working.

ကျွန်တော်တို့ ဆက်လုပ်ကြရမည်။

She enjoys playing tennis.

သူမသည် တင်းနစ်ကစားခြင်းကို နှစ်သက်သည်။

The boy went on looking for the money he had lost.

လူကလေးသည် ပျောက်ခဲ့သော သူ့ပိုက်ဆံအိတ်ကို ဆက်လက်ရှာဖွေသည်။

She couldn't help laughing,

သူမသည် မရယ်ဘဲမနေနိုင်ပါ။

**Table No 33 (VP 17 B) Subject × Verb - Gerund, etc.**

She loves going to the cinema.

သူမသည် ရုပ်ရှင်သွားရခြင်းကို နှစ်သက်သည်။

She can't bear seeing the children cold and hungry.

သူမသည် ကလေးငယ်များ အေးစက်ဆာလောင်နေသည်ကို သည်းမခံနိုင်ပါ။

**Table No. 35 (VP 18 A) Subject × (pro) noun - to - (pronoun)**

He read the letter to all his friends.

သူသည် စာကို သူ့မိတ်ဆွေအားလုံးကို ဖတ်ပြခဲ့သည်။

I still owe money to my tailor.

ကျွန်တော့်စက်ချုပ်ဆရာအား ကျွန်တော် ငွေပေးစရာ ကျန်ရှိသေးသည်။

I don't lend my books to anybody.

ကျွန်တော့်စာအုပ်တွေကို ဘယ်သူ့မှ မငှားပါ။

They told the news to everybody in the village.

သူတို့သည် ဒီသတင်းကို ရွာထဲရှိ လူတိုင်းကို ပြောပြကြသည်။

**Table No. 36 (VPI 18 B) Subject × Verb - (pro) noun for (pro) noun.**

She bought a dictionary for her brother.

သူမသည် အဘိဓာန်တစ်အုပ်ကို သူမ၏အစ်ကိုအတွက် ဝယ်ခဲ့သည်။

She has made coffee for all of us.

သူမသည် ကျွန်တော်တို့အားလုံးအတွက် ကော်ဖီဖျော်ထားသည်။

mgyoe.com

mgyoe.com

She ordered a new dress for herself.

သူမသည် သူမအတွက် ဂါဝန်အသစ်တစ်ထည် ချုပ်ခိုင်းထားသည်။

Please save some for your sister.

ကျေးဇူးပြုပြီး မင်းအစ်မ(ညီမ)အတွက် တချို့ကို သိမ်းထားပါ။

**Table No. 37 (VP 18 C) Subject × Verb - (pro) noun - prep - (pro) noun.**

We congratulated him on his success.

ကျွန်တော်တို့သည် သူ့ရဲ့အောင်မြင်မှုအတွက် ချီးကျူးသည်။

They accused her of taking the money.

သူတို့သည် သူမကို ပိုက်ဆံယူသည်လို့ စွပ်စွဲသည်။

He spends a lot of money on books.

သူသည် စာအုပ်များအတွက် ငွေအများကြီးသုံးပစ်သည်။

Excuse me for being late.

ကျွန်တော် နောက်ကျသည့်အတွက် ခွင့်လွှတ်ပါ။

Please keep this for me.

ကျေးဇူးပြုပြီး ဒါကို ကျွန်တော့်အတွက် သိမ်းထားပါ။

**Table No. 40 (VP 19 A) Subject × Verb - 1.0 (indirect object)- D.O (Direct object)**

He handed her the letter.

သူသည် စာကို သူမအား ပေးလိုက်သည်။

Please pass me the salt.

ကျေးဇူးပြုပြီး ဆားခွက်ကို ကျွန်တော့်ဆီ လှမ်းလိုက်ပါ။

Don't give yourself airs.

သိပ်မကြီးကျယ်နေနဲ့။

**Table No. 42 (VP 19 C) Subject × Verb - (pro) noun - (pro) noun.**

We asked him several questions.

ကျွန်တော်တို့သည် သူ့ကို မေးခွန်းတွေအများကြီးမေးသည်။

That will save me a lot of trouble.

ထိုဟာက ကျွန်တော့်ကို ဒုက္ခအများကြီး သက်သာစေပါလိမ့်မယ်။

mgyoe.com

I envy you your fine garden.

ခင်ဗျားရဲ့ သာယာတဲ့ဥယျာဉ်အတွက် ခင်ဗျားကို အားကျမိတယ်။

**Table No 45 (VP 21) There × Verb - Subject.**

There have been many such incidents.

ဒါမျိုးတွေ ဖြစ်ပေါင်းများပါပြီ။

There is no time for us to visit the Museum now.

ယခု ပြတိုက်သွားရန် အချိန်မရှိတော့ပါ။

There was every reason for him to be satisfied.

သူ့အဖို့ စိတ်ကျေနပ်စရာအကြောင်းတွေ အမျိုးမျိုးရှိတယ်။

**Table No 46 (VP 21) It × Verb - Subject.**

It doesn't matter whether start now or later.

ကျွန်တော်တို့လုပ်ငန်း အခုစတယ်၊ နောက်မှစတယ်ဆိုတာ အရေးမကြီးပါ။

It (so) happened that I was out of London at the time.

ဖြစ်ပျက်ကြုံလာပုံက အဲဒီအချိန်မှာ ကျွန်တော် လန်ဒန်မှာမရှိဘူး။

It seems (that) Mr. White is heavily in debt.

မစ္စတာဝှိုက်သည် အကြွေးအများကြီး တင်နေပုံရှိသည်။

**Table No. 47 (VP 22 A) Subject × Verb (be) - Subject Complement.**

This is a book.

ဤဟာသည် စာအုပ်တစ်အုပ်ဖြစ်သည်။

That house is the doctor's.

အဲဒီအိမ်ဟာ ဆရာဝန်အိမ်။

That he will refuse is impossible.

သူ ငြင်းမယ်ဆိုတာ မဖြစ်နိုင်ဘူး။

Whether he will agree is another question.

သူ သဘောတူညီပါ့မလားဆိုတာက တခြားပြဿနာပါ။

mgyoe.com

mgyoe.com

**Table No. 47 (VP 22 A) Subject Complement Subject × Verb.**

| | | |
|---|---|---|
| **cont.** (အဆက်) | What | is that? |
| | Who | is she? |
| | What price | is that aritcle? |
| | What age | is he? |

**Table No. 48 (VP 22 A) Subject × Verb (be) -Adverb or prepositional Phrase.**

The war is over.

စစ်ပွဲ ပြီးသွားပြီ။

She is in good health.

သူမ ကျန်းမာပါသည်။

The fruit is far from ripe.

ဒီသစ်သီးမှည့်ဖို့ အဝေးကြီးလိုပါသေးတယ်။

Everything else is of no account.

ကျန်တာတွေအားလုံး အရေးမကြီးပါဘူး။

The book is beyond me.

ဒီစာအုပ်ကို ကျွန်တော် ဉာဏ်မမီပါ။

The machine is out of order.

ဒီ စက်ပျက်နေတယ်။

**Table No. 49 (22 A) Subject × to be - Infinitive, etc.**

This house is to let.

ဒီအိမ်သည် ငှားရမ်းရန် ဖြစ်သည်။

The worst is still to come.

ဒီထက် ပိုပြီးဆိုးလာလိမ့်ဦးမယ်။

The causes are not for to seek.

အကြောင်းရင်းကို ရှာဖွေရ မခက်ပါ။

You are to be congratulated.

ခင်ဗျားကို ချီးကျူးရသည်။

My aim was to help you.

ကျွန်တော့်ရဲ့ ရည်ရွယ်ချက်က ခင်ဗျားကို ကူညီဖို့ပါပဲ။

mgyoe.com

**Table No. 50 (VP 22 B) It × to be - Subject Complement - Subject.**

It is easy to do that.

ဒါကို လုပ်ကိုင်ဖို့ လွယ်ပါတယ်။

It was useless to try.

ဒါကို ကြိုးစားကြည့်လို့လည်း အလကားပါပဲ။

It would be a mistake to ignore his advice.

သူ့ရဲ့ အကြံပေးချက်ကို ဂရုမထားရင် မှားလိမ့်မည်။

**Table No. 51,52,53 (VP 22 B) It × to be subject complement- Subject.**

It's no use crying over spilt milk.

ဖိတ်စင်ပြီးသားနွားနို့အတွက် ငိုနေလို့ အပိုပါပဲ။

It's a pity (that) you couldn't come.

ခင်ဗျား မလာနိုင်တာ စိတ်မကောင်းစရာပဲ။

It was obvious that he didn't intend to help us.

ကျွန်တော်တို့ကို ကူညီဖို့ မရည်ရွယ်ကြောင်း ထင်ရှားပါတယ်။

It was a good thing (that) you reached home before the storm broke.

မုန်တိုင်းမကျခင် ခင်ဗျား အိမ်ရောက်တာ ကောင်းတယ်။

It's difficult for anyone to be angry with her.

ဘယ်သူမဆို သူမကို စိတ်ဆိုးဖို့ခက်တယ်။

**Table No.56 (VP 22 D) Subject × Verb - Subject Complement.**

The leaves are turning brown.

သစ်ရွက်တွေ ညိုလာကြပြန်ပြီ။

She married young.

သူမ အသက်ငယ်ငယ်နှင့် လက်ထပ်သည်။

Your dreams may come true.

ခင်ဗျားရဲ့ အိပ်မက်တွေဟာ အမှန်တကယ် ဖြစ်လာနိုင်ပါတယ်။

The birds came hopping round my window.

ငှက်များသည် ကျွန်တော့်ပြတင်းပေါက် ဘေးပတ်လည်မှာ ခုန်ဆွခုန်ဆွ လာကြသည်။

mgyoe.com